
# ဂျော့ချ်ဝါရှင်တန်

အေးမောင်ကျော်



လူငယ်
စာစဉ်

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ - ၄၃

# Who Was Geroge Washington?

Written by Roberta Edwards

Illustrated by True Kelley

သားနဲ့သမီး စာအုပ်တိုက်
စာအုပ်အမှတ် - ၁၄၅

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ - ၄၃




# ဂျော့ချ်ဝါရှင်တန်

အေးမောင်ကျော်

ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း - မြတ်သန္တာဦး

ကွန်ပျူတာစာစီ - **Dream City**

ထုတ်ဝေသူ - ဦးဝင်းချို(ရှုဝံစာအုပ်တိုက်)

အမှတ် ၂၁၂၊ ၃၁ လမ်း(အထက်)၊

ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဒေါ်ချိုချိုအေး(ရှုဝံပုံနှိပ်တိုက်)

အမှတ် ၃၃၀-၃၃၂၊ အောက်ပုဇွန်တောင်လမ်း

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ၂၀၁၇၊ နိုဝင်ဘာလ။

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၅၀၀ ကျပ်

အေးမောင်ကျော်

ကျော့ချိဝါရှင်တန် / အေးမောင်ကျော် -ရန်ကုန်။

ရှုဝံစာပေ၊ ပထမအကြိမ်၊ ၂၀၁၇။

စာမျက်နှာ ၁၂၀၊ ၁၃.၄ စင်တီ × ၂၁.၆ စင်တီ။

(၁) ကျော့ချိဝါရှင်တန်

# စာဖတ်သူသို့

မြန်မာကလေးစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာမှ ကလေးစာပေများကို မြန်မာစာဖတ်ပရိတ်များ ထိတွေ့ ဖတ်ရှုစေရေးတို့ကို ရည်ရွယ်လျက် သားနှင့် သမီးစာအုပ်တိုက်မှ ကလေးဖတ်စာအုပ်များ ထုတ်ဝေလာခဲ့သည်မှာ ၃ နှစ်တာမျှရှိခဲ့ပါပြီ။ ဘာမျှမကြာမြင့်လှသေးသော ထို ၃ နှစ်တာ ကာလအတွင်း ကလေးစာအုပ်ပေါင်း ၈၀ နီးပါးမျှ ထုတ်ဝေနိုင်ခဲ့ပါသည်။ ထိုစာအုပ်များမှာ အများအားဖြင့် ဘာသာပြန်လက်ရာများဖြစ်ကြပြီး ငယ်ရွယ်သော ကလေးသူငယ်များ ဖတ်ရှုလေ့လာရန်အတွက် ကလေးစာပေ (children's literature) များဖြစ်ကြပါသည်။

သားနှင့် သမီးစာအုပ်တိုက်အနေဖြင့် ဘာသာပြန် ကလေးစာပေများကိုသာမက ပင်ကိုရေး ကလေးစာပေများကိုလည်း ထုတ်ဝေသွားရန် ရည်ရွယ်ထားသလို လူငယ်စာဖတ်သူ (young reader) များအတွက် အကျိုးများ တန်ဖိုးရှိစေမည့် လူငယ်စာပေများကို ရွေးချယ်ထုတ်ဝေသွားရန် ကြိုးပမ်းစီစဥ်ခဲ့ပါသည်။ ယခုထုတ်ဝေလိုက်သော ဤစာအုပ်တွဲများသည် သားနှင့် သမီးစာအုပ်တိုက်၏ လူငယ်စာစဥ်အဖြစ် ထုတ်ဝေသော ကနဦး အစီအစဉ်၊ သို့မဟုတ် ပထမခြေလှမ်းဟု ဆိုချင်ပါသည်။

လူငယ်စာစဉ် ပထမခြေလှမ်းအဖြစ် ထုတ်ဝေလိုက်သော ဤစာအုပ်များသည် အမေရိကန်ပြည်ထောင်စု အခြေစိုက် Penguin Young Readers Group ၏ Grosset & Dunlap စာအုပ်တိုက်မှ ထွက်ရှိခဲ့သည့် Who is...? / Who was...? စာအုပ်စီးရီးကို မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။ မြန်မာဘာသာသို့ ပြန်ဆိုရာ၌ သူ့မူရင်း အာဘော်အတိုင်း ပြန်ဆိုထားခြင်း ဖြစ်သလို ပါဝင်သော သရုပ်ဖော်ပုံများကိုလည်း သူ့မူရင်းအတိုင်းပင် ပြန်လည်ထည့်သွင်း ဖော်ပြပေးထားပါသည်။

ယခုစီးရီးသည် ကမ္ဘာ့နယ်ပယ်ပေါင်းစုံတွင် အထူးထင်ရှားသော လူပုဂ္ဂိုလ်များ၏အကြောင်း ဖြစ်ပြီး စာဖတ်သူများအနေဖြင့် လေ့လာမှတ်သား သင်ခန်းစာယူဖွယ်ရာ ဗဟုသုတနှင့် အချက်အလက်များ များစွာ ပါဝင်ပါသည်။ ထို့အပြင် လူတစ်ဦးချင်းစီ၏ အတ္ထုပ္ပတ္တိဖြစ်သဖြင့် ရသဝတ္ထု စာအုပ်များဖတ်ရှုရသကဲ့သို့ ခံစားမှုပေးစွမ်းနိုင်သလို သူတို့ဖြတ်သန်းခဲ့ကြရာ ခေတ်အလိုက်၊ နိုင်ငံအလိုက် သမိုင်းနောက်ခံကားများကိုလည်း တွေ့မြင်သိရှိနိုင်ကြမည် ဖြစ်ပါသည်။

သားနှင့် သမီးစာအုပ်တိုက်မှ ယခု Who? စီးရီးဖြစ်သည့် 'ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ' ကို မချွင်းမချန်ဘဲ စီးရီးအပြည့်အစုံ ဘာသာပြန်တင်ဆက်သွားမည်ဖြစ်သလို နောက်ထပ်စီးရီးများ ဖြစ်သော Where? နှင့် What ? (ကမ္ဘာ့အထင်ကရ နေရာများနှင့် ကမ္ဘာ့အထင်ကရ အဖြစ်အပျက်များ) ကိုလည်း လူငယ်စာစဉ်အဖြစ် ဆက်လက်စီစဉ် ထုတ်ဝေသွားရန် အားထုတ် ကြိုးပမ်းလျက် ရှိပါသည်။ ထို့ကြောင့် စာဖတ်သူများ၊ အထူးသဖြင့် လူငယ်များအနေဖြင့် အသိဉာဏ်ပညာ မြင့်မားကာ ဗဟုသုတ တိုးပွားစေခြင်း အလို့ငှာ ဆက်လက်ရှာဖွေ ဖတ်ရှုကြရန်လည်း တိုက်တွန်းလိုပါသည်။

မြန်မာစာပေလောကအတွင်း၌ ခေတ်မီသော ကလေးစာပေနှင့် လူငယ်စာပေများ တိုးပွားဖွံ့ဖြိုးစေရေးအတွက် ရည်သန်လျက် ဤစာအုပ်တွဲများကို မအားလပ်သည့်ကြားမှ ဝိုင်းဝန်း ပြန်ဆိုပေးကြသော စာရေးဆရာများနှင့် အားပေး ဖတ်ရှုကြသော စာဖတ်ပရိတ်သတ်များ အားလုံးကို ကျေးဇူးတင်ရှိကြောင်း ဆိုပါရစေ။

**သားနှင့်သမီး စာအုပ်တိုက်**

# မာတိကာ


– ဂျော့ချ်ဝါရှင်တန်ဆိုတာ ဘယ်သူလဲ ၁၃

အခန်း ၁။ ဗာဂျီးနီးယားပြည်နယ်က လူငယ်ကလေး ၁၈

အခန်း ၂။ မောင့်ဗာနွန် ၂၅

အခန်း ၃။ လူငယ်စစ်သားဘဝ ၃၄

အခန်း ၄။ ကျေးလက်ဘဝ ၄၂

အခန်း ၅။ အင်္ဂလန်နှင့် လမ်းခွဲခြင်း ၅၅

အခန်း ၆။ အမိန့်ပေးဗိုလ်ချုပ် ၆၈

အခန်း ၇။ ခက်ခဲလှတဲ့ နေ့ရက်များ ၇၉

အခန်း ၈။ အမေရိက အောင်ပွဲ ၈၆

အခန်း ၉။ အသစ်စက်စက်နိုင်ငံတော် ၉၄


– ဂျော့ချ်ဝါရှင်တန်၏ ဘဝဖြစ်စဉ် ၁၁၄

– ကမ္ဘာ့ဖြစ်စဉ် ၁၁၅

## ဂျော့ချ်ဝါရှင်တန်ဆိုတာ ဘယ်သူလဲ

၁၇၈၃ ခုနှစ်။

ခုနှစ်နှစ်တာကာလလုံးလုံး တိုက်ပွဲတွေ ဖြစ်ပွားပြီးတဲ့နောက် စစ်ပွဲဟာ ပြီးဆုံးသွားခဲ့ပါတယ်။ အမေရိကန်စစ်သားတွေက အင်အားကြီးလှတဲ့ ဗြိတိသျှ တပ်မတော်ကို အနိုင်ရလိုက်ပါတယ်။ ကိုလိုနီနယ် ၁၃ နယ်ဟာ အခုတော့ လွတ်လပ်ရေး ရခဲ့ပါပြီ။



စစ်သားတွေ အပြည့်တင်ထားတဲ့ သင်္ဘောများဟာ အင်္ဂလန်ကို ပြန်သွားခဲ့ကြတယ်။ ဒီအချိန်ကစလို့ အမေရိကန်မှာရှိတဲ့ ဘယ်သူကမှ ဂျော့ဘုရင်ကို ရိုသေလေးမြတ်ပြုစရာ မလိုတော့ပါဘူး။ အခု ၁၃ ပြည်နယ် ပေါင်းစည်းထားတဲ့ နိုင်ငံအသစ်စက်စက်တစ်ခု ပေါ်ထွက်လာခဲ့ပါပြီ။

ဒီနောက် ၁၇၈၉ ခုနှစ်ရောက်တော့ နိုင်ငံရဲ့ ပထမဆုံးသမ္မတကို ရွေးချယ်ဖို့ ဖြစ်လာပါတယ်။ ပထမဆုံးရွေးချယ်ခံရသူက ဘယ်သူဖြစ်မယ် ထင်သလဲ။

ဂျော့ချ်ဝါရှင်တန်ပဲပေါ့...။

ဂျော့ချ်ဝါရှင်တန်ဟာ စစ်ပွဲတစ်လျှောက်လုံးမှာ ထိပ်တန်းဗိုလ်ချုပ်ကြီး ဖြစ်ခဲ့သူပေါ့။ သူဟာ အမိန့်ပေးရုံသာပေးတဲ့ ဗိုလ်ချုပ်မဟုတ်ဘဲ ငယ်သားများကို တိုက်ပွဲဝင်တဲ့နေရာအထိ လိုက်ကြည့်သူပါ။ တစ်ခါတစ်ရံ ပြင်းထန်တဲ့ တိုက်ပွဲအတွင်း သူကိုယ်တိုင် ရောက်သွားခဲ့တာပေါ့။ ဒါပေမဲ့ ဝါရှင်တန်ဟာ တစ်ကြိမ်တစ်ခါမှ ဒဏ်ရာမရခဲ့ဘူး။ တစ်ကြိမ်မှကို မရခဲ့တာ။ သူဟာ ရဲရင့်ရုံသာမက သစ္စာရှိတယ်။ ရိုးသားတယ်။ မျှတမှုရှိပြီး စမတ်ကျသူလည်း ဖြစ်တယ်။ ခေါင်းဆောင်တစ်ယောက်မှာ ရှိရမယ့်အရည်အချင်းတွေ အကုန်ရှိတယ်ဆိုပါတော့။ တကယ်လို့ သူသာမပါရင် ဒီစစ်ပွဲဟာ အောင်နိုင်ပါ့မလား။ လူအတော်များများကတော့ အောင်မြင်မယ်လို့ မထင်ကြပါဘူး။

နိုင်ငံရဲ့ ပထမဆုံးသမ္မတကို မဲပေးရွေးချယ်ရာမှာ သူအနိုင်ရခဲ့တာကလည်း အံ့သြစရာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီသတင်းကိုကြားတဲ့အချိန်မှာ သူ မပျော်ရွှင်ခဲ့ပါဘူး။ လုံးဝကို မပျော်ရွှင်ခဲ့တာပါ။ သူက ဗာဂျီးနီးယား



THE MOUNT VERNON HOUSE

ပြည်နယ် သူ့အရပ်ဒေသက သာယာလှပတဲ့ မောင့်ဗာနွန်စံအိမ်ကိုပဲ ပြန်သွားချင်တာပါ။ သူဟာ အဲဒီအချိန်က အသက် ၅၇ နှစ် ရှိပြီဖြစ်ပြီး သူ့ရဲ့ ကျန်ရှိတဲ့ဘဝကို သူ့ဇနီးမာသာ၊ သူ့မြေးအငယ်ဆုံးနှစ်ဦးနဲ့အတူ ဖြတ်သန်းချင်တာ ဖြစ်ပါတယ်။

နိုင်ငံရဲ့ ပထမဦးဆုံး သမ္မတတစ်ယောက်အနေနဲ့ သူ့အပေါ် လူတွေက အများကြီး မျှော်လင့်ခဲ့ကြတာပါ။ ဒါပေမဲ့ ထူးဆန်းတာက သူကိုယ်တိုင်က ဒီအလုပ်ကို မလုပ်နိုင်မှာကို စိုးရိမ်နေတာပါ။



တကယ်ကတော့ ဒီသမ္မတအလုပ်ဟာ သူလုပ်ချင်တဲ့အလုပ်ကို မဟုတ်ခဲ့တာပါ။

ဒါပေမဲ့ လူအများကတော့ ဂျော့ချ်ဝါရှင်တန်သာ အစိုးရသစ်ရဲ့သမ္မတဖြစ်ခဲ့ရင် သူတို့အားလုံး အစိုးရကို ဝိုင်းဝန်းထောက်ခံကြမယ်လို့ ပြောခဲ့ကြတယ်။ ဘာပဲဖြစ်ဖြစ် သူကလည်း အစိုးရသစ်ကို အောင်မြင်စေချင်တာပါပဲ။


ဒါကြောင့် သူက ကောင်းပြီဆိုပြီး သမ္မတတာဝန်ကို လက်ခံလိုက်ကာ ကျမ်းသစ္စာကျိန်ဆိုဖို့ နယူးယောက်ကို ထွက်ခွာလာခဲ့ပါတော့တယ်။




A PARTY IN TRENTON, NEW JERSEY

လမ်းခရီးရပ်နားတဲ့ နေရာတိုင်းမှာ သူ့ကို ဂုဏ်ပြုတဲ့ စီတန်းလှည့်လည်ပွဲတွေ၊ ပါတီပွဲတွေ ကျင်းပကြတယ်။ ဒါတွေကတော့ သူ မကြိုက်တဲ့ အရာတွေပဲပေါ့။

ယနေ့ကာလမှာတော့ နိုင်ငံရေးသမားများဟာ သမ္မတရာထူးကို ရဖို့ နစ်နဲ့ချီပြီး ကြိုးပမ်းကြရတယ်။ မဲဆွယ်ပွဲတွေအတွက် ဒေါ်လာသန်းနဲ့ချီပြီး သုံးစွဲကြရတယ်။ နိုင်ငံရဲ့ဖခင်ကြီးလို့ ခေါ်ဆိုခံရတဲ့ ပုဂ္ဂိုလ်ကြီးကတော့ ပြစ်ဒဏ်ချမှတ်ခံရတဲ့ ရာဇဝတ်သားတစ်ဦးလို ခံစားနေရသတဲ့။ သူလုပ်လိုတာကတော့ အိမ်မှာနေပြီး မြေးခွေးပစ်၊ အမဲလိုက်ထွက်နေရတာမျိုးပဲ ဖြစ်တယ်။



peace and quiet is the important.

# အခန်း – ၁

# ဟရီးနီးယားပြည်နယ်က လူငယ်ကလေး



၁၇၃၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ ညမှာ ဩဂတ်စတင်းဝါရှင်တန်ဟာ ဖယောင်းတိုင်ထွန်းထားတဲ့ စားပွဲမှာ ထိုင်နေတယ်။ မိသားစုသုံးသမ္မာကျမ်းစာအုပ်က သူ့ရှေ့ စားပွဲပေါ်မှာ ဖွင့်လျက်ပေါ့။ သူ့ကို အများက ဂပ်စ်လို့ ခေါ်ကြတယ်။ သူဟာ ဗားဂျီးနီးယား ကိုလိုနီနယ်က ဆေးရွက်ကြီးကုန်သည်တစ်ယောက်ပါပဲ။ တူရကီဖြစ် ငုံးငှက်အတောင်နဲ့ ပြုလုပ်ထားတဲ့ ကလောင်တံနဲ့ သူ့သား နာမည်ကို ရေးလိုက်တယ်။ ဂျော့ချ်တဲ့…။ အဲဒီနေ့ မနက်စောစောက ဂျော့ချ်ကို မွေးခဲ့တာပေါ့။

ဂျော့ချ်ရဲ့အမေ မာရီက ဂပ်စ်ရဲ့ ဒုတိယဇနီးပါ (သူ့ရဲ့ ပထမဇနီးက ကွယ်လွန်သွားခဲ့ပြီဖြစ်ပြီး ဆယ်ကျော်သက်အရွယ် သားနှစ်ဦး ကျန်ခဲ့ပါတယ်။) ဂျော့ချ် မမွေးခင် ရက်ပိုင်းအလိုမှာပဲ ဝါရှင်တန်ရဲ့ ယာတောအိမ်၊ မီးခိုးခေါင်းတိုင်ကို မိုးကြိုးပစ်ခဲ့တယ်။ ဒီမိုးကြိုးကြောင့် မေရီထံ လာလည်တဲ့ အမျိုးသမီးတစ်ယောက် သေဆုံးသွားခဲ့တယ်။ မေရီက မွေးလာမယ့် သားအတွက် ကံဆိုးမှုလေလားလို့ စိုးရိမ်စိတ်ဝင်မိတယ်။ သူ့ရင်သွေးမှာ တစ်ခုခု မှားယွင်းမှုရှိနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ဒါပေမဲ့ ဂျော့ချ် မွေးလာချိန်မှာ သန်သန်မာမာ ကျန်းကျန်းမာမာပဲ မွေးဖွားခဲ့တယ်။ သူဟာ အမေတူလို့ ဆိုတယ်။ သူဟာ အရပ်မြင့်ပြီး အားကစားလိုက်စားတဲ့ လူငယ်တစ်ဦး ဖြစ်တယ်။ စိမ်းလန်းတဲ့ လယ်တောတွေမှာ မြင်းစီးရတာကို သူ နှစ်သက်တယ်။ နောက်ပိုင်းနှစ်တွေမှာတော့ သူဟာ တကျော်နီးယားပြည်နယ်ရဲ့ အကောင်းဆုံး မြင်းစီးသမား အဖြစ် လူသိများလာတော့တယ်။





FERRY FARM

ဂျော့ချ် အသက် ခုနစ်နှစ်မှာ သူတို့မိသားစုဟာ ဖယ်ရီ လယ်တောအိမ်ကို ပြောင်းရွှေ့ခဲ့ကြတယ်။ အဲဒီနေရာက ဗာဂျီးနီးယားပြည်နယ် ဖရက်ဒရစ်စဘတ်ရဲ့ တစ်ဖက်ကမ်းမှာ တည်ရှိတယ်။ အဲဒီအချိန်မှာတော့ ဂျော့ချ်မှာ ဘက်တီလို့ခေါ်တဲ့ ညီမငယ်တစ်ဦးနဲ့ ဆင်မြူရယ်၊ ဂျွန်နဲ့ ချားလ်စ်လို့ခေါ်တဲ့ ညီငယ်သုံးဦး ရှိနေပါပြီ။ (လူတွေ ပြောတာတော့ ဘက်တီဟာ ဂျော့ချ်နဲ့ အတော်တူတယ်လို့ ဆိုတယ်။)

သူ့အဖေနဲ့ ဂျော့ချ်တို့ရဲ့ ဆက်ဆံရေးကိုတော့ မသိရပါဘူး။ ဂျော့ချ်ဟာ သူ့အဖေနဲ့တော့ နီးကပ်ကပ်နေခဲ့ပုံ မရဘူး။ သူ့အမေက အေးဆေးပြီး အိမ်အလုပ်တွေနဲ့ အလုပ်များနေတတ်တာပါ။ ဂျော့ချ်ရဲ့ သူငယ်ချင်းတွေက သူ့အမေကို ကြောက်ကြတယ်။ ထူးဆန်းစွာပဲ သူဟာ သူ့သားအတွက်

# ကျော်ကြားသောမုသား

မျိုးဆက် အများအပြားက ကလေးငယ်တွေဟာ ဂျော့ချ် ဝါရှင်တန် မိသားစုပိုင် လယ်တောက ချယ်ရီပင်တစ်ပင်ကို ခုတ်တဲ့အကြောင်း လေ့လာဖူးကြတယ်။ သူ့အဖေက အလွန်စိတ်ဆိုးပြီး အပင်ကို ဘယ်သူခုတ်တာလဲလို့ မေးတယ်။ ဂျော့ချ်က "သူ ခုတ်တာပါ" လို့ ချက်ချင်းပဲ ဝန်ခံလိုက်တယ်။ ဒါက ဂျော့ချ်ဟာ ကလေးငယ်ဘဝကတည်းက အလွန်ရိုးသားတယ်ဆိုတာကို ပြတယ်။

ဒီဇာတ်လမ်းဟာ တကယ်ကတော့ လုပ်ကြံထားတာပါ။ ဂျော့ချ် သေဆုံးပြီးနောက်မှာ မေဆင်လော့ဝိန်းဆိုတဲ့သူတစ်ဦးက ပထမဆုံး သမ္မတကြီးအကြောင်း စာအုပ်တစ်အုပ် ရေးခဲ့တယ်။ ဝိန်းက ဝါရှင်တန်ကို ပြည့်ဝတဲ့လူတစ်ယောက်အနေနဲ့ ပုံဖော်ချင်လို့ ဒီသစ်ပင်ခုတ်တဲ့ ဇာတ်လမ်းကို ဖန်တီးခဲ့တာပါ။ ဒီလို မမှန်မကန် ရေးသားချက် ပေါ်ထွက်လာဖို့ နှစ်ပေါင်း တစ်ရာလောက် အချိန်ကြာသွားခဲ့တယ်။





George's Mother


ဂုဏ်ယူဝင့်ကြွားပြီး ပြောဆိုခဲ့တာ မရှိခဲ့ဘူး။ ဂျော့ချ်သမ္မတဖြစ်ပြီးနောက်မှာကိုပဲ အဲဒီလို ဂုဏ်ယူဝင့်ကြွားခဲ့တာ မရှိခဲ့ဘူး။ ဂျော့ချ်ဟာ သူ့အမေဆီစာရေးရင် 'ချစ်လှစွာသောအမေ' ဆိုတဲ့ စာသားအစား 'ဂုဏ်သရေရှိလှသော မိခင်' လို့ အစချီရေးလေ့ရှိတယ်။ နောက် သူဟာ တစ်ခါမှ သူ့မိန်းမ မာတာနဲ့ သူ့အမေကို မိတ်ဆက်မပေးခဲ့ဘူးလို့ ဆိုကြတယ်။

ကမ္ဘာပေါ်မှာ သူ့အချစ်ခင်ဆုံးပုဂ္ဂိုလ်က သူ့ရဲ့ ညီအစ်ကိုဝမ်းကွဲတော်သူ လောရင့်စ်ပဲ ဖြစ်တယ်။ လောရင့်စ်က ဂပ်စ်ရဲ့ အကြီးဆုံးသားပါ။ သူက ဂျော့ချ်ထက် ၁၄ နှစ်တောင် ကြီးပါတယ်။ လောရင့်စ်က အင်္ဂလန်မှာ ကျောင်းသွားနေခဲ့တယ်။ ဂရိနဲ့ လက်တင်ဘာသာတွေ သင်ယူခဲ့တယ်။ သူဟာ လူကြီးလူကောင်းလို နေထိုင်ပုံ၊ ဝတ်ဆင်ပြုမူပုံတွေကို သိတယ်။



Lawrence Washington, George's half-brother

ဂျော့ချ်ကို အင်္ဂလန်ပို့ပြီး စာသင်ဖို့ ငွေကြေး မလုံလောက်တော့ပါဘူး။ ဒါကြောင့် သူဟာ အိမ်မှာပဲ စာသင်ရတယ်။ ဖြစ်နိုင်တာကတော့ သူ့အဖေနဲ့ သူ့အစ်ကို လောရင့်စ်တို့က သင်ပေးတာပါပဲ။ ဂျော့ချ်က သင်္ချာမှာ အလွန်ထူးချွန်တယ်။ ကိန်းဂဏန်းတွေကို တွက်ချက်ရတာ သူ့အတွက် အတော် လွယ်ကူတယ်။ ဒါပေမဲ့


AN AMERICAN GENTLEMAN'S OUTFIT
Tricorn Hat
Stock (Neck scarf)
Fitted Coat
Waistcoat
Walking Stick
Britches
Leather Boots with Deep Cuffs

သူဟာ အသံထွက်မှာတော့ အတော်ညံ့တယ်။ သူ ဘဝတစ်ခုလုံး ဒီကိစ္စက အနှောင့်အယှက် အတော်ဖြစ်ခဲ့တယ်။

သူ့အဖေဆုံးပါးတဲ့ အချိန်မှာ ဂျော့ချ်ဟာ ၁၁ နှစ်ပဲ ရှိပါသေးတယ်။ မကြာခဏဆိုသလို ဂျော့ချ်ဟာ မောင့်ဗာနွန်စံအိမ်ကြီးဘက်ကို သွားလည်တတ်တယ်။ အဲဒီမှာ သူ့အစ်ကိုလောရင့်စ်နဲ့ ဇနီးသစ်ကလေး အန်းဖဲယားဖက်စ်တို့ နေကြတယ်။ ဂျော့ချ်က အဲဒီနေရာကို သဘောကျတယ်။ ၁၇၄၆ ခုနှစ်မှာတော့ သူ့ကို မောင့်ဗာနွန်မှာ အပြီးပြောင်းပြီးလာနေဖို့ ဖိတ်ကြားခံရတယ်။ သူ မောင့်ဗာနွန်ကို ပြောင်းသွားခဲ့တယ်။ (သူဟာ သူ့အမေနဲ့ ဝေးရာကို သွားရလို့ ပျော်ရွှင်နေမယ်လို့ ထင်ရတယ်။)






ဝါရှင်တန်မိသားစုရဲ့ အမှတ်အသား ဒီဇိုင်းပုံ။
လက်တင်စကားနဲ့ ရေးထားတာကတော့ ‘သင့်လုပ်ဆောင်ချက်က ရလဒ်ကို ပြဋ္ဌာန်းပေးလိမ့်မယ်’ ဆိုတဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်။

# အခန်း – ၂
# မောင့်ဟန္ဒန်




မောင့်ဟန္ဒန်ဟာ ဂျော့ချ်အဖို့ ကမ္ဘာ့သစ်ကြီးတစ်ခုနဲ့ တွေ့လိုက်ရသလိုပဲ။ သူဟာ ဗာဂျီးနီးယားပြည်နယ်ရဲ့ အချမ်းသာဆုံး မိသားစုထဲကို ရောက်သွားတာပါပဲ။ အမဲလိုက်ထွက်ခြင်း၊ အဝတ်အစား တောက်တောက်ပြောင်ပြောင်နဲ့ ကပွဲတက်ခြင်းတွေ လုပ်ရတဲ့ နေရာတွေပေ့ါ။ ရှက်တတ်ပြီး နည်းနည်းကြောက်တတ်တဲ့ ဂျော့ချ်အတွက် ဒီအထဲမှာ ဝင်ဆန့်ဖို့ တော်တော်ကြိုးစားခဲ့ရတယ်။ သူဟာ အကသင်ခန်းစာများ သင်ယူခဲ့တယ်။ (အချိန်တို အတွင်းမှာပဲ သူဟာ ထူးချွန်တဲ့ အကသမားတစ်ယောက် ဖြစ်လာခဲ့ပါတယ်။)


Mount Vernon was 8,000 acres!
To Union Farm fields
To Dogue Run Farm fields
Bowling Green
Lower Gardens
Fruit Orchards and Nursery
Paddock
Storehouse
Family Vault
Stables
Coach House
Wharf
Kitchen
Laundry
Smokehouse
POTOMAC


MOUNT VERNON
Farm
Mount Vernon was made up of FIVE FARMS!
To Muddy Hole Farm fields
Upper Gardens
Slave Quarters
Gardener's House
To River Farm fields
Salthouse
Spinning Room and Overseer's House
The Mansion House
White Servant's Hall
RIVER

ဂျော့ချ်ဟာ ဓားသိုင်းနဲ့ တေးဂီတတွေကိုလည်း သင်ယူခဲ့တယ်။ သားနားတဲ့ အဝတ်အစားတွေ ဝတ်ဆင်ရတယ်။ ကောင်းမွန်တဲ့ အပြုအမူတွေရဖို့ ရှည်လျားလှတဲ့ စည်းမျဉ်း စည်းကမ်းတွေကို ကိုယ်တိုင်ရေးပြီး လိုက်နာကျင့်သုံးခဲ့တယ်။ စည်းကမ်းချက်တစ်ခုကတော့ အသားဟင်းချက်နေတဲ့ မီးဖိုထဲကို တံတွေး မထွေးမိဖို့ ဖြစ်တယ်။ နောက်စည်းကမ်းတစ်ခုကတော့ လူရှေ့သူရှေ့မှာ ယင်ကောင်တို့ သန်းတို့ကို သတ်ဖြတ်တာ ရှောင်ကြဉ်ဖို့ ဖြစ်တယ်။



လောရင့်စ်ရဲ့ မိန်းမဘက်က ဖဲယားဖက်စ် အမျိုးတွေဟာ ဗာဂျီးနီးယားပြည်နယ်ရဲ့ အချမ်းသာဆုံးမှာ ပါဝင်သူတွေပါ။ သူတို့က ကျယ်ပြောလှတဲ့ မြေတွေ ပိုင်ဆိုင်ပါတယ်။ အဲဒီအချိန်က ကိုလိုနီဒေသတွေရဲ့ အနောက်ဘက် ဒေသတွေဟာ မြေပုံအတိအကျ မရှိသေးပါဘူး။ ဒါကြောင့် မြေရှင်တွေက မြေတိုင်းတဲ့သူတွေ ငှားရမ်းကြရတယ်။ မြေတိုင်းရဲ့အလုပ်က မြေတိုင်းပြီး

အကျယ်အဝန်းနယ်နိမိတ်ကို သတ်မှတ်ပေးရတာ ဖြစ်တယ်။ ဒါဟာ ဂျော့ချ်နဲ့ အလွန်ကိုက်တဲ့ အလုပ်ပါပဲ။ သူက အပြင်ထွက်ရတာကို သဘောကျပြီး သင်္ချာတွက်ချက်တာလည်း မြန်ဆန်တဲ့အပြင် ကိုယ်တိုင်ငွေရှာလိုစိတ်လည်း ရှိတာကြောင့် သူနဲ့ အလွန်ကို ကိုက်တဲ့အလုပ် ဖြစ်နေတော့တယ်။



မြေပုံတင် မရှိတာသာမက အနောက်တာဂျီးနီးယားမှာ လမ်းတွေလည်း မရှိသေးပါဘူး။ ဒါကြောင့် မြေတိုင်းသမား ဂျော့ချ်အတွက် အတော်ခက်ခက်ခဲခဲ လုပ်ခဲ့ရပါတယ်။ ရက်သတ္တပတ်ပေါင်းများစွာ အဝတ်အစား မလဲရဘဲ အခြားအငှားသမားများနဲ့အတူ မြေကြီးပေါ်မှာ အိပ်၊ ကွင်းပြင်မှာ မီးဖိုပြီး ချက်ပြုတ်စားသောက်ကြရတယ်။ ရန်လိုတဲ့ အင်ဒီးယန်းများ ရှင်းလင်းအောင်လည်း ကြိုးပမ်းကြရတာ ဖြစ်တယ်။




ဂျော့ဂျ်၏ ကွင်းဆင်းတိုင်းတာခဲ့သော နေရာအချို့။


# သွားပြဿနာ

ဂျော့ချ်ဟာ လူငယ်တစ်ယောက်ဖြစ်ပေမဲ့ သူ့သွားတွေက အတော်ဒုက္ခပေးပါတယ်။ သွားနာတဲ့ဝေဒနာ အတော်ခံရတယ်။ သူ သမ္မတဖြစ်တဲ့အချိန်မှာ သူ့သွားအစစ်က တစ်ချောင်းပဲ ကျန်ပါတော့တယ်။ သွားတုတွေ တပ်ထားရတာပေါ့။

ဒီနေရာမှာ ဝါရှင်တန်ရဲ့ သွားအတုကို သစ်သားနဲ့ လုပ်ထားတာ ဖြစ်တယ်ဆိုတဲ့ ဇာတ်လမ်းတစ်ပုဒ်လည်း ရှိပါတယ်။ ဒါပေမဲ့ ဒီဇာတ်လမ်းကလည်း မမှန်ပါဘူး။ အဖျားပိုင်းကတော့ ဆင်စွယ်၊ ရေမြင်းနဲ့ အခြားသတ္တဝါများရဲ့ အစိတ်အပိုင်းတွေကို သွားတုအဖြစ် အသုံးပြုကြတာပါ။ ဒီသွားတုတွေဟာ တပ်ဆင်တဲ့အခါမှာ နာကျင်ရုံသာမက အစာ စားရာမှာလည်း အတော်ခက်ခဲလှပါတယ်။ သွားတုက နှုတ်ခမ်းတွေကို ထော်လာစေတဲ့အတွက် ဝါရှင်တန်ကို ရုပ်ပျက်စေပါတယ်။ ဂျော့ချ်ဝါရှင်တန်ရဲ့ ပန်းချီတွေမှာ ရယ်နေတဲ့ပုံကို မတွေ့ရတာဟာ ဒီသွားတွေကြောင့်ပါပဲ။

ဝါရှင်တန်ရဲ့ သွားတစ်စုံကို မောင့်ဗာနွန်မှာ ပြသထားပါတယ်။ ဒါက လူကြိုက်အများဆုံး ပြကွက်တစ်ခုပေါ့။



ဂျော့ချ်ဟာ ပုခုံးကျယ်ကျယ်၊ မီးခိုးပြာရောင် ကြည်လင်တဲ့ မျက်လုံးတွေနဲ့ နီညိုရောင်ဆံပင်ရှိတဲ့ လူငယ်တစ်ဦး ဖြစ်လာပါတယ်။ သူက ဆံပင်ကို မြင်းမြီးလို ချည်ထားတတ်တယ်။ သူတို့ လူ့သိုက်ထဲမှာတော့ အရပ် ၆ ပေ ၂ လက်မရှိတဲ့ သူက အရပ်အမြင့်ဆုံးပါပဲ။ လက်ဆံ၊ ခြေဆံကလည်း ကြီးပါတယ်။ သူရဲ့ သွားတွေမှအပ သူဟာ အလွန်ကျန်းမာတဲ့သူတစ်ဦးပါပဲ။

လောရင့်စ်ကတော့ ကျန်းမာရေး အတော်ချူချာတယ်။ သူ့ရဲ့ ချောင်းဆိုးရောဂါ အတော်ပြင်းထန်တယ်။ ပူနွေးတဲ့ ရာသီဥတုက သူ့ရဲ့ ချောင်းဆိုးရောဂါကို သက်သာလို သက်သာငြား ဂျော့ချ်ဟာ လောရင့်စ်နဲ့အတူ ဗင်နီဇွဲလားအနီး ဗာဗေးဒိုးကျွန်းစုများဘက်ကို ရွက်လွှင့်ခဲ့ကြတယ်။ ဒါဟာ ဂျော့ချ် ဝါရှင်တန်ရဲ့ မြောက်အမေရိကတိုက် အပြင်ဘက်ကိုထွက်တဲ့ ပထမဆုံးနဲ့ နောက်ဆုံးခရီးပါပဲ။

လောရင့်စ်ရဲ့ ကျန်းမာရေးကတော့ ကောင်းမလာပါဘူး။ ဝါရှင်တန်မှာလည်း သေလောက်တဲ့ ကျောက်ပေါက်တဲ့ရောဂါ ရခဲ့တယ်။ ဂျော့ချ်က အသက်ရှင်ခဲ့ပေမယ့် လောရင့်စ်ကတော့ ၁၇၅၂ ခုနှစ်လောက်မှာ ဂျော့ချ်ရဲ့ဘေးမှာပဲ သေဆုံးသွားခဲ့တယ်။ ဒါဟာ ဂျော့ချ်အတွက် ကြီးမားတဲ့ ရိုက်ခတ်မှုကြီးပါပဲ။ အသက် ၂၀ အရွယ်မှာ ဂျော့ချ်ဟာ သူအချစ်ရဆုံး ပုဂ္ဂိုလ်တစ်ဦး သေဆုံးသွားတာကို ကြုံရတာပါပဲ။

ဂျော့ဝါရှင်တန်ဟာ လောရင့်စ်ကို ချစ်ခင်ရုံသာမက လေးလည်း လေးစားပါတယ်။ လောရင့်စ်က ပြည်သူ့စစ်အရာရှိတစ်ဦးပါ။ (ပြည်သူ့စစ် ဆိုသည်မှာ ပုံမှန်စစ်တပ် မဟုတ်သော အချိန်ပိုင်းစစ်သားများ အစုအဖွဲ့ ဖြစ်သည်။) အခု လောရင့်စ်ရဲ့ နေရာ လစ်လပ်သွားတော့ ဂျော့ချ်က အဲဒီနေရာ ကို ဝင်ယူခဲ့ရပါတယ်။



ပြည်သူ့စစ် စစ်သားပုံ

# အခန်း – ၃

# လူငယ်စစ်သား ဘဝ



ဂျော့ချ်ဝါရှင်တန်
၂၅ နှစ်သား

အချိန်ကတော့ ၁၇၅၀ ပြည့်နှစ် အစောပိုင်းကာလပါ။ ရုံဖန်ရုံခါဆိုသလို အိုဟိုင်ယိုမြစ်လွင်ပြင်တစ်လျှောက် ပြင်သစ်နဲ့ အင်္ဂလိပ်တို့ တိုက်ပွဲတွေ ဖြစ်နေချိန်ပေ့ါ။ ပြဿနာကတော့ ရှင်းရှင်းလေးပါ။ နှစ်နိုင်ငံစလုံး ဒီနယ်မြေတွေကို ချုပ်ကိုင်လိုကြတာပါ။

ပြင်သစ်တို့က အဲဒီဒေသမှာ ခံတပ်တွေ အများအပြား ဆောက်ထားကြတယ်။ သူတို့က ဗြိတိသျှကိုလိုနီနယ်တွေကို အရှေ့ဘက်ကမ်းမှာ ပိုင်းပတ်ထားချင်တာပါ။ ဂျော့ချ်ဝါရှင်တန်ကို ပြင်သစ်တွေထံသွားပြီး ခံတပ်တွေကို ချက်ချင်းဖျက်ပစ်ဖို့ သတိပေးခိုင်းတယ်။

ပြင်သစ်တို့က ဒီသတိပေးချက်ကို ဂရုမစိုက်ခဲ့ပါဘူး။ ဒီခရီးဟာ ဂျော့ချ်အတွက်တော့ အရေးကြီးတဲ့ ခရီးစဉ်တစ်ခု ဖြစ်ခဲ့ပါတယ်။ တပ်ဖွဲ့လေးတစ်ဖွဲ့ကို ဦးစီးပြီး သူဟာ မိုင်ထောင်ချီပြီး ကြမ်းတမ်းတဲ့ခရီးကို နှင်ခဲ့ရတယ်။ တောင်စဉ်တောင်တန်းနှစ်ခုကို ဖြတ်ရတယ်။ ရေခဲတမျှ အေးစက်လှတဲ့ မြစ်ရဲ့ ကျောက်ဆောင်တွေကြား ဖောင်ငယ်တစ်စင်းနဲ့ ဖြတ်ခဲ့ရတယ်။ ဖောင်ပေါ်ကနေ ရေထဲကို ကျသွားပြီး သူ့အင်္ကျီတွေတောင် ရေခဲလို ဖြစ်သွားတယ်။ သူဟာ အိမ်ကို ကောင်းမွန်စွာ ပြန်ရောက်ခဲ့ပြီး သတ္တိပိုကောင်းလာတယ်။ ဒီခရီးစဉ်အကြောင်း သူက သတင်းစာမှာ ရေးသားခဲ့တယ်။ ဗိုလ်မှူး ဂျော့ချ်ဝါရှင်တန်ရဲ့ ခရီးစဉ်ဟာ သူ့ကို နာမည်ကျော်ကြားသွားစေခဲ့ပါတယ်။




၁၇၅၄ ခုနှစ်မှာ ဘင်ဂျမင်ဖရင်ကလင်က ဒီပုံကို ရေးဆွဲခဲ့ပြီး ကိုလိုနီနယ်တွေကို ပြင်သစ်ရန်က ကာကွယ်ဖို့ တိုက်တွန်းခဲ့တယ်။

နောက်လအနည်းငယ် အကြာမှာ သူ့ကို အိုဟိုင်းယိုးနယ်ဘက် ထပ်လွှတ်ခဲ့တယ်။ ဒီတစ်ချီမှာတော့ လူ ၁၅၀ ကျော်တဲ့ တပ်ဖွဲ့ကြီးဖြစ်ပြီး သူတို့ဟာ ခံတပ်တစ်ခု တည်ဆောက်ရမှာ ဖြစ်တယ်။

ဗြိတိသျှနဲ့ ပြင်သစ်တို့ဟာ အတိအလင်း စစ်ဖြစ်နေတာတော့ မဟုတ်သေးပါဘူး။ ဒါပေမဲ့ ဝါရှင်တန်ရဲ့ လူတွေ ပြင်သစ်တပ်တွေဘက်ကို ရောက်သွားတဲ့အခါမှာတော့ သေနတ်သံတွေ ထွက်လာပါတယ်။ ဘယ်ဘက်က စပစ်တယ်ဆိုတာ ယနေ့ချိန်ထိ ဘယ်သူကမှ အသေအချာ မသိကြဘူး။ ဝါရှင်တန်ဘက်က တစ်ဦးမှ မကျဆုံးပေမဲ့ ပြင်သစ်ဘက်ကတော့ ၁၀ ဦး ကျဆုံးသွားတယ်။ အဲဒီအထဲမှာ သူတို့ခေါင်းဆောင်ပါ ပါဝင်သွားတယ်။

ဒါဟာ ပြင်သစ်နဲ့ ဗြိတိန်ကြား တကယ့်စစ်ပွဲကြီး ဖြစ်ပေါ်လာဖို့ မီးပွားလေးတစ်စ ဖြစ်ခဲ့တာပါပဲ။ ချက်ချင်းဆိုပဲ လူ ၈၀၀ လောက်ရှိတဲ့ ပြင်သစ်တပ်နဲ့ ၄၀၀ လောက်ရှိတဲ့ အင်ဒီးယန်းတပ်တွေ ပေါင်းပြီး သူတို့ထက် အများကြီး သေးငယ်တဲ့ ဝါရှင်တန်ရဲ့ တပ်ကို တိုက်ကြတော့တာပါ။ သူ့ရဲ့ လူ ၁၀၀ လောက် သေဆုံးသွားတယ်။ သူဟာ လက်နက်ချတာ မဟုတ်တဲ့ အခြားလမ်းကို ရွေးချယ်ခဲ့တယ်။ သူနဲ့ ကျန်ရဲဘော်များဟာ အကျဉ်းသားအဖြစ်လည်း အဖမ်းမခံခဲ့ကြဘဲ ခံတပ်ကို စွန့်ခွာပြီး အိမ်အရောက် ပြန်ခဲ့ကြတယ်။

ဂျော့ချ်အတွက် ဒီရှုံးနိမ့်မှုဟာ ကြီးမားတဲ့ ထိုးနက်ချက်တစ်ရပ် ဖြစ်ခဲ့တယ်။ သူ့ဘဝတစ်လျှောက်လုံး ဒီကိစ္စဟာ သူ့ပုံရိပ်ကို ထိခိုက်စေမယ်လို့

စိုးရိမ်ခဲ့တယ်။ သူဟာ ရဲရင့်သူ၊ ဂုဏ်သိက္ခာရှိသူအဖြစ် ရောက်ချင်သူ ဖြစ်တယ်။ လက်နက်ချဖို့ဆိုတာ သူ့အတွက် မျက်နှာပျက်စရာ ဖြစ်တယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာလည်း သူ့ရဲ့ ခေါင်းဆောင်မှုဟာ ချီးကျူးခံရတာပါပဲ။ သူ့ရဲ့ စစ်သား၁၀၀ နိုင်မာမြင့်မားလာခဲ့တော့တယ်။

နောက်တစ်ကြိမ်မှာတော့ အိုဟိုင်းယိုးတောင်ကြားမှာရှိတဲ့ ပြင်သစ်တပ်တွေနောက်ကို လိုက်တိုက်ရတဲ့ ဗြိတိသျှဗိုလ်ချုပ်တစ်ယောက်ကို ကူညီရတဲ့ လက်ထောက်တစ်ယောက် ဖြစ်လာတယ်။ အဲဒီအချိန်ကစလို့ ဝါရှင်တန်ဟာ အမေရိကန်တပ်များကို ဦးဆောင်သူ ဖြစ်လာတယ်။ အခုတော့ သူဟာ အညာအတာကင်းပြီး လူထုတွေ ကြောက်ရွံ့တဲ့ ကုတ်နီတပ် (ထိုအချိန်က ဗြိတိသျှစစ်သားများဟာ တောက်ပြောင်နေတဲ့ အနီရောင်ကုတ်အင်္ကျီ ဝတ်ဆင်တာကြောင့် နာမည်ပြောင်အနေနဲ့ ကုတ်နီတပ်လို့ ခေါ်ကြတာ ဖြစ်တယ်) နဲ့ အတူတွဲပြီး တာဝန်ထမ်းဆောင်ရသူ ဖြစ်လာတယ်။ ဗြိတိသျှ ဗိုလ်ချုပ်က လူ ၂၀၀၀ ပါ အင်အားကောင်းလှတဲ့ တပ်နဲ့ ပြင်သစ်ရဲ့ အကြီးဆုံး ခံတပ်ကို တိုက်ခိုက်ခဲ့တယ်။




ကုတ်နီ
တပ်သား

ဥရောပမှာတော့ စစ်တပ်တွေဟာ ရန်သူနဲ့ မျက်နှာချင်းဆိုင် ကွင်းပြင်တွေမှာ တွေ့ကြတာပါ။ တစ်လိုင်းပြီးတစ်လိုင်း တန်းစီထားတဲ့ တပ်တွေက ရှေ့ကို တည့်တည့်ချီပြီး တစ်ဖက်နဲ့တစ်ဖက် ပြောင်းရှည်သေနတ်နဲ့ အမြောက်တွေနဲ့ ပစ်ကြရတာပါ။

အမေရိကမှာ ဒီလိုဥရောပပုံစံ အတိအကျ ကျင့်သုံးဖို့ မဖြစ်နိုင်ကြောင်း ဝါရှင်တန်က ဗြိတိသျှဗိုလ်ချုပ်ကို သတိပေးလိုက်ပါတယ်။ ရန်သူတွေက


ဥရောပ စစ်ပွဲပုံစံ



ကုတ်နီတပ်တွေဆီကို ရှေ့နောက်ဘေး ဘယ်ညာ ဘက်ပေါင်းစုံက ဝင်လာတာပါ။ ပြင်သစ်နဲ့ အင်းဒီးယန်းတပ်တွေက သစ်တောတွေထဲကနေ တိုက်ကြတယ်။ သူတို့ဟာ ကျောက်ဆောင်တွေ၊ သစ်ပင်တွေနောက်မှ ပုန်းအောင်းပြီး တိုက်ကြတာ ဖြစ်တယ်။

ဗိုလ်ချုပ်ဟာ ဝါရှင်တန် သတိပေးသလို ဥရောပနဲ့ မတူတဲ့ ပုံစံနဲ့ တိုက်ခိုက်ဖို့ ငြင်းပါတယ်။ ကုတ်နီတပ်သားတွေဟာ သူတို့ လေ့ကျင့်ထားတဲ့

## ထူးခြားတဲ့ အမေရိကန် စစ်ပွဲပုံစံ




ပုံစံအတိုင်းပဲ တိုက်ကြတယ်။ အဖြေကတော့ ဗြိတိသျှတပ်တွေ အထိနာသွားတာပါပဲ။ မြင်းပေါ်က စစ်သားတွေဆိုရင် ပုန်းကွယ်နေတဲ့ ပြင်သစ်နဲ့ အင်းဒီးယန်း စစ်သားတွေက မြက်ပင်ကို ခုတ်လှဲလိုက်သလို ပစ်ကျသွားအောင် တိုက်ခိုက်တာခံရတယ်။ ခဏချင်းအတွင်းမှာပဲ ရာနဲ့ချီတဲ့ ကုတ်နီတပ်သားတွေ လဲကျ သေဆုံးသွားတယ်။

ဝါရှင်တန်အဖို့တော့ သေနတ်ကျည် ၄ ချက်က သူ့အင်္ကျီကို စုတ်ပြဲသွားစေခဲ့တယ်။ တစ်ချက်က ဦးထုပ်ကို မှန်ပြီး ဦးထုပ်က သူ့ခေါင်းပေါ်ကနေ လွင့်သွားတယ်။ သူစီးတဲ့ မြင်းနှစ်ကောင် သေနတ်ထိမှန်သွားတယ်။ ဒါပေမဲ့ သူ့ကိုတော့ တစ်ချက်မှ မထိခဲ့ဘူး။

ဗြိတိသျှဗိုလ်ချုပ်လည်း ကံမကောင်းရှာဘူး။ တိုက်ပွဲကရတဲ့ ဒဏ်ရာနဲ့ သေဆုံးသွားတယ်။ ဒါကြောင့် ရှေ့တန်းတပ်ဖွဲ့အားလုံးရဲ့ အမိန့်ပေးရတဲ့ တာဝန် ယူခဲ့ရတယ်။ သူဟာ အသက် ၂၂ နှစ်ပဲ ရှိသေးတယ်။ နောက်ထပ် ၅ နှစ်တာကာလအတွင်း အိုဟိုင်းယိုးဒေသအတွင်းမှာ ခံတပ်ပေါင်း ၈၀ ကျော်သူ တည်ဆောက်ခဲ့တယ်။ ဒီ ၅ နှစ်ကာလအတွင်း သူဟာ ပြင်သစ်တပ်တွေနဲ့ တိုက်ခဲ့ရတယ်။ ရန်လိုတဲ့ အင်းဒီးယန်းတွေနဲ့လည်း တိုက်ခိုက်ခဲ့ရပါတယ်။

နောက်ဆုံးမှာတော့ ပြင်သစ် အင်းဒီးယန်းစစ်ပွဲလို့ ခေါ်တဲ့ စစ်ပွဲမှာ ဗြိတိသျှတို့ အနိုင်ရခဲ့တယ်။ ကိုလိုနီနယ်သားတွေဟာ အနောက်ဘက်ကို လွတ်လပ်စွာ သွားလာနိုင်ပြီး အိုဟိုင်းယိုးမြစ်ရဲ့ မြေဆီကြွယ်ဝလှတဲ့ လွင်ပြင်တွေမှာ အခြေချ နေထိုင်သွားနိုင်ခဲ့တယ်။





၁၇၆၃ ခုနှစ်မှာ မစ္စစ်စပီမြစ် အရှေ့ဘက်ခြမ်း
အားလုံးကို ဗြိတိသျှတို့ ထိန်းချုပ်ထားနိုင်ခဲ့သည်။

# အခန်း – ၄

## ကျေးလက်ဘဝ

ဂျော့ချ်ဟာ စစ်ပွဲအတွေ့အကြုံ အလုံအလောက် ရခဲ့ပါပြီ။ သူဟာ သူ့ရဲ့ တာဝန်ကို စွန့်လွှတ်ပြီး ဗာဂျီးနီးယားကို ပြန်လာခဲ့တယ်။ သူ့အစ်ကို လောရင့်စ်ရဲ့ ဇနီးသည်လည်း သေဆုံးသွားခဲ့ပြီ။ သူတို့မှာ သားသမီး မရှိပါဘူး။ ဒါကြောင့် မောင့်ဗာနွန်အိမ်ကြီးဟာ ဂျော့ချ်အတွက် ဖြစ်လာပါတယ်။ သူဟာ ကျန်တဲ့ဘဝတစ်ခုလုံး ဒီအိမ်ကြီးမှာပဲ အေးချမ်းစွာနေဖို့ ရည်ရွယ်ထားခဲ့ပါတယ်။

ကပွဲတစ်ခုမှာ အလွန်ချမ်းသာတဲ့ ကလေးနှစ်ယောက် မိခင်၊ တစ်ခုလပ် အမျိုးသမီးတစ်ဦးနဲ့ တွေ့တယ်။ သူ့နာမည်ကတော့ မာသာကပ်စ်တစ်



မာသာကပ်စ်တစ်
၁၇၅၇

ပဲ ဖြစ်တယ်။ သူမဟာ အရပ်ပုပု၊ ကိုယ်လုံးပြည့်ပြည့်နဲ့ နွေးထွေးတဲ့ အပြုံးပိုင်ရှင်တစ်ဦး ဖြစ်ပါတယ်။ သူဟာ ဒီဒေသသူဖြစ်တဲ့အတွက် ဂျော့ချ်သိသူတွေအားလုံး၊ သူသိသလို သူ့အသိတွေ အားလုံးကိုလည်း ဂျော့ချ်က သိနေပါတယ်။ နှစ်ယောက်စလုံးက ကျေးလက်ဘဝပုံစံကို လိုချင်နေကြတာပါ။ ဘယ်ဘက်ကကြည့်ကြည့် လိုက်ဖက်တဲ့စုံတွဲလို့ ဆိုရမှာပါပဲ။ "ကျွန်ုပ်အဖို့ အားလုံးလက်ခံနိုင်ဖွယ်ရှိတဲ့ လက်တွဲဖော်တစ်ယောက် ရလိုက်တာပါပဲ" လို့ ဝါရှင်တန်က သူငယ်ချင်းတစ်ယောက်ထံ စာရေးရာမှာ ထည့်ရေးခဲ့တယ်။

၁၇၅၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှာ သူတို့ လက်ထပ်ခဲ့ကြတယ်။ သူတို့နှစ်ဦးစလုံး အသက် ၂၇ နှစ် အရွယ်တွေပါ။ သူတို့နှစ်ယောက်ဟာ အကြီးအကျယ် ချစ်ကျွမ်းဝင်ကြတာ မဟုတ်ပေမဲ့ သူတို့နှစ်ဦးကြား ခိုင်မာတဲ့ သံယောဇဉ်ချည်နှောင်မှု ရှိပါတယ်။ မာသာက ဂျော့ချ်ကို အဖိုးကြီး၊ သို့မဟုတ် ပါပါလို့ ခေါ်တယ်။ သူတို့မှာ သားသမီးမရတာကတော့ ဝမ်းနည်းစရာပေါ့။ ဒါပေမဲ့ မာသာရဲ့ သမီးကလေး ပက်ဆီနဲ့ သူ့အစ်ကို ဂျက်ကီတို့ကို ဂျော့ချ်က သားသမီးအရင်းသဖွယ် သဘောထားခဲ့တာပါ။



# ပက်ဆီ နှင့် ဂျက်ကီ

သူတို့အမေ ဂျော့ချ်ဝါရှင်တန်နဲ့ လက်ထပ်လိုက်ချိန်မှာ ဂျက်ကီကပ်စ်တစ်က ၄ နှစ်နဲ့ သူညီမပက်ဆီက ၂ နှစ် အရွယ်ပါ။ ဂျော့ချ်က သူရဲ့မယားပါကလေးငယ်များအပေါ် အလွန်ကောင်းပါတယ်။ သူတို့အတွက် အင်္ဂလန်က အဝတ်အထည်နဲ့ကလေးကစားစရာအရုပ်တွေ မှာပေးခဲ့တယ်။ (တစ်ခါမှာ ပက်ဆီ အတွက် မှာထားတဲ့အရုပ် အချိန်မီ ရောက်မလာလို့ ဂျော့ချ် တစ်ယောက် အတော် စိတ်ပျက်သွားခဲ့ရဖူးတယ်)။

ပက်ဆီဟာ ချစ်စရာကောင်းတဲ့ ကလေးတစ်ဦးပါ။ သူ အလွန်ငယ်ရွယ်ချိန်က ဦးနှောက်အမြေးရောင်သလို ရောဂါမျိုး ဖြစ်ဖူးတယ်။ သူ ကြီးပြင်းလာချိန်မှာ ဒီရောဂါဟာ ပိုဆိုးလာပြီး ဆရာဝန်တွေကလည်း သူ့ကို ဘယ်လိုမှ မကယ်တင်နိုင်တော့ဘဲ အသက် ၁၇ နှစ်အရွယ်မှာ ဆုံးပါးသွားတယ်။



ပက်ဆီ

ဂျက်ကီကတော့ ခပ်ပျင်းပျင်း၊ ခပ်ဆိုးဆိုး ကလေးတစ်ဦးပါပဲ။ သူဟာ အပျော်အပါး မက်တယ်။ နယူးယောက်တက္ကသိုလ်မှာ လအနည်းငယ်ပဲ တက်ရောက်ခဲ့ပြီး အိမ်ကို ပြန်လာ


ဂျက်ကီ

ခဲ့တယ်။ သူဟာ လယ်ယာအလုပ်မှာလည်း မအောင်မြင်ဘဲ ၂၆ နှစ်အရွယ်မှာ ကွယ်လွန်သွားတယ်။ သူ့ရဲ့ ပထွေးတော်သူ ဂျော့ချ်ဝါရှင်တန် လွတ်လပ်ရေးတိုက်ပွဲ အောင်နိုင်ပြီး ရက်သတ္တပတ် အနည်းငယ်တွင်းမှာပဲ သူ ဆုံးပါးသွားတာပါ။ ဂျက်ကီရဲ့ သားနဲ့ သမီးကို ဂျော့ချ်နဲ့ မာသာက ကြီးပြင်းအောင် မွေးမြူခဲ့ရတာပါ။ (ဂျက်ကီရဲ့ ဇနီးနဲ့ သမီးအကြီး နှစ်ယောက်ကတော့ ဗာဂျီးနီးယား အနီးနားမှာပဲ နေကြပါတယ်။)

ဂျော့ချ်ဝါရှင်တန်အတွက် သွေးရင်းသားရင်း မရခဲ့တာဟာ ကျောက်ပေါက်ခဲ့တဲ့အတွက် သားသမီး မရနိုင်ဘဲ ဖြစ်ခဲ့ရတာလို့ သမိုင်းဆရာတွေက ယူဆကြတာပါ။

ဂျော့ချ်နဲ့ မာသာ နှစ်ယောက်စလုံးက ဖျော်ဖြေပွဲတွေကို အလွန်နှစ်သက်တာ ဖြစ်တယ်။ သူ့အသက် အတော်ကြီးလာပေမဲ့ နောက်အနှစ် ၂၀ အထိ သူတို့နှစ်ဦးစလုံး အသက်ရှင်နေရမယ်လို့ ဆိုခဲ့တယ်။ အပတ်စဉ်တိုင်း လောက်နီးနီး မိတ်ဆွေတွေဟာ မောင့်တာနွန်မှာ ရှိနေကြတယ်။

ဝါရှင်တန်ဟာ အလွန်ဧည့်ဝတ်ကျေပွန်သူလည်း ဖြစ်တယ်။ တစ်ခါမှာ ဧည့်သည်တစ်ယောက်ဟာ အပြင်းအထန် အအေးမိပြီး ညဘက်မှာ နိုးလာတယ်။ ချက်ချင်းလိုပဲ ဂျော့ချ်ဝါရှင်တန်က လက်ဖက်ရည်ပူပူတစ်ခွက်ကို ကိုင်ပြီး အခန်းထဲကို ရောက်လာတာ တွေ့ရတယ်။



မာသာဝါရှင်တန်
သက်လတ်ပိုင်း
အရွယ်




ဂျော့ချ်ဝါရှင်တန် နှင့် အချစ်တော်ခွေးကလေး ဆွိလစ်ပ်

ဝါရှင်တန်ဟာ တစ်ပတ်ကို နှစ်ကြိမ် သုံးကြိမ်လောက် မြေခွေးပစ် ထွက်တတ်တယ်။ (သူ့ရဲ့ အမဲလိုက်ခွေးနာမည်က ဆွိလစ်ပ်လို့ ခေါ်တယ်။)

သူက ဖဲကစားတာ ဝါသနာပါပြီး လောင်းကြေးနည်းနည်းလေးနဲ့ အပျော်ကစားတတ်တယ်။ သူဟာ ရွာထဲက အရက်ဆိုင်မှာ သွားပြီး မိတ်ဆွေတွေနဲ့ သတင်းပလင်း နားထောင်ရင်း ရယ်စရာ မောစရာများ ပြောတတ်တယ်။

ဒါပေမဲ့ ကြီးမားလှတဲ့ စိုက်ပျိုးရေးလုပ်ငန်းကြီးက သူ့အတွက် အလွန်အရေးကြီးတဲ့လုပ်ငန်းကြီး ဖြစ်တယ်။ သူ့အချိန်အများစုကို ဒီလုပ်ငန်းကြီးအတွက် အသုံးပြုရတယ်။ ဝါရှင်တန်ဟာ မနက်စောစောထပြီး နံနက်စာအဖြစ် လက်ဖက်ရည် ကိတ်မုန့်နဲ့ ပျားရည်တို့ကို စားတယ်။ (ကိတ်မုန့်ကို အတုံးသေးသေးလေးတွေအဖြစ် သူ စားရလွယ်အောင် လှီးထားရတယ်)။ နောက် သူဟာ မြင်းပေါ်တက်ပြီး သူ့ယာတောတစ်ခုလုံးကို လှည့်လည်ကြည့်ရှုရတာပါပဲ။ နွားတွေ မောင်းရာမှာ သူပါသလို ခြံစည်းရိုးတွေ ပြင်ရာမှာလည်း သူ ပါတာပဲ။

ပထမတော့ သူဟာ တောက ဆေးရွက်ကြီးပင်တွေ စိုက်ပျိုးရောင်းချတာ ဖြစ်တယ်။ ဝါရှင်တန်က အပင်စိုက်ပျိုးနည်းတွေကို အသေအချာ စမ်းသပ်လုပ်ဆောင်တဲ့တိုင်အောင် ဆေးရွက်ကြီးက စိုက်ပျိုးဖို့ ခက်ခဲတဲ့ အပင်မျိုး

ဆေးရွက်ကြီးပုံ



ဖြစ်တယ်။ ဒါကြောင့်မို့ နောက်ပိုင်းမှာ ဂျုံကို ပြောင်းစိုက်ပြီး ဂျုံမှုန့်ကြိတ်စက်တွေပါ တည်ဆောက်လာခဲ့တယ်။ ဂျုံက စိုက်ပျိုးရတာ အများကြီးလွယ်ပြီး ဒေသတွင်းမှာတင် ရောင်းလို့ရတယ်။ ဆေးရွက်ကြီးကတော့ အင်္ဂလန်ကို တင်ပို့ကြတာ ဖြစ်တယ်။

ဂျော့ချ်ဝါရှင်တန်၏ ၁၆ မျက်နှာရှိ ဂျုံစက် (ဖြတ်ပိုင်းပုံ)



တရိုးနီးယားကျေးလက်မှာ ကုန်စုံဆိုင်တို့၊ အဝတ်အထည်ဆိုင်တို့ မရှိသေးဘူး။ တန်ဖိုးကြီးတဲ့ အကောင်းစား အဝတ်အစားတွေနဲ့ ရထားလုံး လို ဟာမျိုးတွေကို အင်္ဂလန်ကနေ သင်္ဘောနဲ့ မှာယူကြရတာ ဖြစ်တယ်။ ကျန်တဲ့ အရာအားလုံးလောက်က လယ်တောမှာပဲ စိုက်ပျိုးထုတ်လုပ်ရတာပါ။ ချည်မျှင်တွေကို ရစ်ပြီး အဝတ်အထည်ဖြစ်အောင် လုပ်ကြရတာ ဖြစ်တယ်။ သိုးမွေးကတော့ မောင့်ဗာနွန်မှာ မွေးထားတဲ့ သိုးတွေဆီက ရတာပေါ့။

မောင့်ဗာနွန်မှာ ကျွေးရ မွေးရမယ့်သူက အတော်များပါတယ်။ ဒီအထဲ မှာ ဂျော့ချ်နဲ့ မာသာတို့ ပိုင်ဆိုင်တဲ့ ကျွန်တွေက သုံးရာလောက် ရှိပါတယ်။ အမေရိကန်တောင်ပိုင်းက အခြားသော လူချမ်းသာများနည်းတူ ဝါရှင်တန်ဟာ ကျွန်တွေနဲ့ သူ့ရဲ့ သီးနှံတွေ စိုက်ပျိုးထုတ်လုပ်တာပဲ ဖြစ်ပါတယ်။ သူ အသက် ကြီးလာချိန်မှာတော့ ကျွန်စနစ်ဟာ ဆိုးရွားရက်စက်ပြီး အလွန်မမျှတဘူး ဆိုတာ သူ တွေ့မြင်လာတာ ဖြစ်တယ်။ ဒါပေမဲ့ ကျွန်စနစ်ကို ဖြစ်ရိုးဖြစ်စဉ် လိုပဲ သူ ကြာမြင့်စွာ လက်ခံလာခဲ့ပါတယ်။ ကျွန်ပိုင်ရှင်တွေထဲမှာ သူဟာ ရက်စက်သူလည်း မဟုတ်၊ တအားကြင်နာတတ်သူလည်း မဟုတ်ခဲ့ပါဘူး။

သူ လယ်ယာလုပ်နေချိန် ၁၅ နှစ်ကာလလောက်အတွင်းမှာ သူဟာ တရိုးနီးယားလွှတ်တော်ရဲ့ ရွေးချယ်ခံအမတ်တစ်ဦးလည်း ဖြစ်တယ်။ အမတ် တွေဟာ ဝဲလင်ဘာတ်မြို့မှာ ဆုံကြရတာ ဖြစ်တယ်။ ဒီမြို့ဟာ အဲဒီအချိန်မှာ




တော့ ကိုလိုနီနယ်ရဲ့ မြို့တော်ပါပဲ။ ဒေသဆိုင်ရာကိစ္စများကို သူတို့ မဲခွဲပြီး ဆုံးဖြတ်ကြတယ်။

အဲဒီအချိန်မှာက ကိုလိုနီ ၁၃ နယ်ဟာ ဗြိတိသျှလက်အောက်မှာရှိပေမဲ့ သူတို့ဟာ ကိုယ်ပိုင်အုပ်ချုပ်ရေးပုံစံမျိုး ရရှိထားကြတာ ဖြစ်တယ်။ ဘုရင်နဲ့ ပါလီမန် (အင်္ဂလန်အစိုးရ) တို့က ကိုလိုနီနယ်သားများအကျိုး ဆောင်ရွက်

# ကျေးကျွန်စနစ်

အမေရိကန်ကျေးကျွန်စနစ်မှာ ၁၆၀၀ ပြည့်လွန်နှစ်များက အစပြုခဲ့တာ ဖြစ်တယ်။ ၁၇၅၀ ခုလောက်အထိ ကျွန်စနစ်ဟာ ၁၃ ပြည်နယ်စလုံးမှာ တရားဝင် ဖြစ်ခဲ့တယ်။ အမေရိကန်မြောက်ပိုင်းမှာတော့ ကျွန်အနည်းငယ်သာ ရှိခဲ့တယ်။ ကျေးကျွန်အများစုကြီးကို ဗာဂျီးနီးယား၊ တောင်ကာရိုလိုင်းနားနဲ့ ဂျော်ဂျီယာပြည်နယ်တွေက မြေရှင်ကြီးတွေက ပိုင်ဆိုင်ကြတာ ဖြစ်တယ်။

ဘာကြောင့် ဒီလိုဖြစ်ရပါသလဲ။

မြောက်ပိုင်းမှာက တောင်ပိုင်းလောက် မြေဩဇာ ထက်သန်တဲ့ လယ်မြေတွေ မရှိပါဘူး။ ဆေးရွက်ကြီး၊ စပါး၊သို့မဟုတ် ဝါဂွမ်း စတဲ့ ငွေဖြစ်တဲ့ သီးနှံတွေက တောင်ပိုင်းမှာပဲ စိုက်ပျိုးလို့ရတယ်။ မြောက်ပိုင်းလယ်သမားတွေကတော့ မြေကွက်ငယ်များသာ ပိုင်ဆိုင်ပြီး အပိုလုပ်အားမလိုဘဲ ကိုယ်တိုင် စီမံနိုင်တာဖြစ်တယ်။ တောင်ပိုင်းက အချို့သော ယာခင်းများဟာ ဧကထောင်ချီပြီး ရှိနေတာ ဖြစ်တယ်။ သူတို့က သီးနှံကို အမြတ်အစွန်းအတွက် စီးပွားဖြစ် စိုက်ကြတာပါ။ ယာခင်းတစ်ခုမှာ အလုပ်သမားအင်အားများစွာလိုပြီး ဈေးကွက်ကို တင်ပို့ဖို့လည်း လူအင်အားလိုပါတယ်။ ဒီအတွက် ကျွန်များကို သုံးခြင်းက လုပ်အားခ ဈေးအပေါဆုံး ဖြစ်နေတာပါ။ ကျေးကျွန်များကို အခကြေးငွေပေးရန် မလိုပါ။ ၎င်းတို့မှာ အာဖရိကမှ ဖမ်းဆီးခေါ်ဆောင်လာသူများဖြစ်ပြီး သူတို့မှာ ဘာအခွင့်အရေးမှ မရှိပါ။ သူတို့ဟာ လယ်ပိုင်ရှင်များရဲ့ မြင်း၊ ထွန်သွား စတာတွေလို ပစ္စည်းတစ်မျိုးပဲ ဖြစ်ပါတယ်။ ဂျော့ချ်ဝါရှင်တန် သာ



ကျွန်လေလံပွဲ

မက သောမတ်စ်ဂျက်ဖာဆင်ဟာလည်း ကျွန်ပိုင်ရှင်ပဲ ဖြစ်ပါတယ်။ မာသာ သေဆုံးသွားတဲ့နောက် သူရဲ့ ကျွန်တွေအားလုံးကို လွတ်လပ်ခွင့်ပေးမယ်လို့ ကြေညာပေမယ့် သူ သေဆုံးချိန်အထိ ဘယ်သူ့ကိုမှ လွတ်လပ်ခွင့် မပေးဖြစ်ခဲ့ပါ ဘူး။

၁၇၀၀ ပြည့်နှစ် နောက်ပိုင်းမှာတော့ မြောက်ပိုင်းရှိ ကိုလိုနီနယ်အများအပြားမှာ ကျွန်စနစ်ကို ဥပဒေအရ တားမြစ်ခဲ့ကြတယ်။ ဒါပေမဲ့ တောင်ပိုင်းရှိ ရာသက်ပန်ကျေးကျွန်စနစ် အဆုံးသတ်ရေးအတွက်ကတော့ ၁၈၆၁ ခုနှစ်ကနေ ၁၈၆၅ အထိ ပြည်တွင်းစစ်ကြီး ဖြစ်ပွားပြီးမှ အပြီးတိုင် အဆုံးသတ်နိုင်ခဲ့တာ ဖြစ်တယ်။

ပေးနေသမျှ အခြေအနေက ကောင်းနေတာပါပဲ။ ကိုလိုနီအများစုက ဗြိတိသျှ လက်အောက်မှာ နေရတာ ဂုဏ်ယူနေကြတာ ဖြစ်တယ်။

၁၇၆၀ ခု လောက်မှာတော့ အခြေအနေက ပြောင်းလဲလာပါတော့တယ်။




ဤအလံက ကိုလိုနီနယ်သားများရဲ့ ခုခံမှုကို အမှတ်အသားပြု ဖော်ပြတာ ဖြစ်တယ်။

# အခန်း – ၅
# အင်္ဂလန်နှင့် လမ်းခွဲခြင်း

ရှည်ကြာလှသော ပြင်သစ်၊ အင်းဒီးယန်းတို့နဲ့ စစ်ပွဲတွေမှာ အင်္ဂလန်အတွက် စစ်စရိတ် အလွန်ကုန်ကျခဲ့တယ်။ ဘုရင်ဂျော့ ၂ ဟာ ငွေအမြောက်အမြား ချေးယူခဲ့ရတယ်။ စစ်ပွဲဖြစ်တာကတော့ အမေရိကန်မြေမှာပါ။ အင်္ဂလန်က စစ်နိုင်ပြီးနောက် ပြင်သစ်တို့ ပြန်လည်ထကြွလာမှာကို စိုးရိမ်တဲ့အတွက် တပ်အင်အား တစ်သောင်းလောက် ချထားခဲ့တယ်။

၁၇၆၃ ခုနှစ်မှာ ဂျော့ဘုရင် ၃ နန်းတက်လာတယ်။ သူက စစ်ပွဲ



ကုန်ကျစရိတ်ကို ကိုလိုနီနယ်သားများ ကျခံသင့်တယ်လို့ ယူဆတယ်။ ဒီငွေကို ကိုလိုနီနယ်သားများ ဘယ်လိုပေးရမလဲ။ အခွန်ငွေပဲပေါ့။

၁၇၆၅ ခုနှစ်မှာ အင်္ဂလန်ပါလီမန်က တံဆိပ်ခေါင်းခွန်ဥပဒေကို ပြဌာန်းလိုက်တယ်။ ကုန်စည်များမှာ တံဆိပ်ခေါင်းကပ်ရန် လိုအပ်ကြောင်း ကြေညာချက် အမျိုးမျိုး ထုတ်ပြန်ခဲ့တယ်။ သေတမ်းစာများ၊ ကန်ထရိုက်စာချုပ်များ၊ ကောလိပ်ဒီပလိုမာဘွဲ့များ၊ လက်ထပ်စာချုပ်များအားလုံးဟာ တံဆိပ်ခေါင်းမကပ်ပါက တရားမဝင် ဖြစ်တယ်လို့ အမိန့်ထုတ်ရပါတယ်။ သတင်းစာများနဲ့ ဖဲထုပ်များအစ တံဆိပ်ခေါင်းကပ်ရန် လိုအပ်ပါတယ်။ တံဆိပ်ခေါင်းတန်ဖိုးက မများလှပေမဲ့ ကိုလိုနီနယ်သားများက  အလွန် စိတ်ဆိုးကြတယ်။

အခွန်အသစ် ကောက်ခံခြင်းဟာ ဒေသအစိုးရတွေရဲ့ အလုပ်ဖြစ်တယ်။ ဒေသအစိုးရဆိုတာကတော့ ကိုလိုနီနယ်သားတွေ ကိုယ်တိုင် ရွေးချယ်ထားသူတွေပါပဲ။ အင်္ဂလိပ်ပါလီမန်က မိုင် ၃၀၀၀ လောက်ဝေးတဲ့ နေရာမှာရှိတယ်။ ကိုလိုနီနယ်သားများရဲ့ အခွင့်အာဏာဟာ ထိုပါလီမန်မှာ မရှိ။ ထိုပါလီမန်သည် သူတို့ရွေးချယ်ထားခြင်း မဟုတ်၊ သူတို့ကို ဖြုတ်ချရန် ကိုလိုနီနယ်သားများက မဲပေး၍လည်း မရ။

ဒါကတော့ အတ္တလန်တိတ်သမုဒ္ဒရာ တစ်ဖက်ကမ်းက ပါလီမန်နဲ့



ကန့်ကွက်သူများက
တံဆိပ်ခေါင်းများကို
နယူးယောက်တွင်
မီးရှို့နေပုံ

ဘုရင်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေဟာ အမေရိကရှိ ကိုလိုနီနယ်သားများ အတွက် လုံးဝ တရားမမျှတဲ့ကိစ္စ ဖြစ်နေတယ်လို့ အမေရိကန်တို့က ယူဆကြပုံ ဖြစ်ပါတယ်။

ဒီကိစ္စမှာ ဂျော့ချ်ဝါရှင်တန်က ဘယ်ဘက်က ရပ်တည်ပေးခဲ့ပါသလဲ။

တံဆိပ်ခေါင်း ဥပဒေကို သူက မှားတယ်လို့ ယူဆတယ်။ ဒါပေမဲ့ ကန့်ကွက်သူတွေဘက်က သူ မပါဝင်ခဲ့ပါဘူး။

ဒေါသထွက်နေတဲ့ ကိုလိုနီနယ်သားတွေက ဗြိတိသျှကုန်စည်တွေကို သပိတ်မှောက်ပြီး ဝယ်ယူအားပေးခြင်း မပြုတော့တဲ့အတွက် ထိုတံဆိပ်ခေါင်း ဥပဒေကို ၁၇၆၆ ခုနှစ်မှာ ဗြိတိသျှပါလီမာန်က ရုပ်သိမ်းခဲ့ရပါတယ်။ ဒီကိစ္စကြောင့် နှစ်ဖက်ကုန်သွယ်ရေးကိုလည်း ထိခိုက်စေခဲ့တယ်။ ဒါပေမဲ့ နောက်နှစ်မှာပဲ ဗြိတိသျှပါလီမန်က စက္ကူ၊ အိမ်သုတ်ဆေးများ၊ ဖန်ထည်ပစ္စည်းများ၊ ခဲနဲ့ လက်ဖက်ခြောက်တို့အပေါ် အခွန်ကောက်ခံခဲ့တယ်။ ထိုပစ္စည်းတွေ အားလုံးဟာ အင်္ဂလန်က တင်သွင်းရတာ ဖြစ်ပါတယ်။




အမေရိကန်တွေက နောက်တစ်ကြိမ် အသနားခံစာ တင်ပြီး ကန့်ကွက်ကြပြန်ပါတယ်။ နောက်ဆုံးမှာတော့ လက်ဖက်ခြောက် အခွန်မှအပ ကျန်အခွန်အားလုံးကို ပယ်ဖျက်ခဲ့တယ်။

လက်ဖက်ခြောက်တစ်ခုတည်းအပေါ် အခွန်ကောက်ခံခြင်းကို အရေးမကြီးလှလို့ ယူဆဖို့ ရှိပါတယ်။ ဒါပေမဲ့ လက်ဖက်ရည်ဟာ အဲဒီအချိန်က ကိုလိုနယ်များမှာ အလွန်လူကြိုက်များပါတယ်။ တချို့ဆိုလျှင် တစ်ရက်ကို လက်ဖက်ရည် ၁၅ ခွက်လောက်အထိ သောက်တာတောင် ရှိပါတယ်။ ဒါ

ကြောင့် လက်ဖက်ခြောက်အခွန်ကောက်ခြင်းဟာ လူတိုင်းကို ထိခိုက်သလို ဖြစ်စေတယ်။ ထိုအထဲမှာ ရော့နျ်ဝါရှင်တန်လည်း ပါဝင်ပါတယ်။ သူကတော့ လက်ဖက်ခြောက်ကို အခွန်ဆောင်ပြီး သောက်မယ့်အစား ကော်ဖီကို ပြောင်း သောက်ခဲ့တယ်။


ဒီလို အခွန်ကောက်ခံတဲ့ကိစ္စက ဗြိတိသျှလက်အောက်ခံ ဖြစ်နေရ ခြင်းအပေါ် သူ့ရဲ့စိတ်ခံစားချက်ကို ပြောင်းလဲစေခဲ့တယ်။ ဗြိတိသျှပါလီမန်က ကိုလိုနီနယ်သားများအပေါ် ချုပ်ကိုင်နေခြင်းကို တရားမမျှတဘူးလို့ ယူဆ လာတယ်။ ဒီကိစ္စမျိုးတွေ ရပ်တန့်သင့်ပြီ။ ကိုလိုနီနယ်သားတွေဟာ သူတို့ရဲ့ အခွင့်အရေးကို ကာကွယ်ဖို့ လက်နက်စွဲကိုင်ရန်ပင် လက်နှေးနေမှာ မဟုတ် ဘူးလို့ သူ့မိတ်ဆွေတစ်ဦးထံ စာရေးခဲ့တယ်။

ဒီလို အခွန်ကိစ္စတွေ မှန်တိုင်းမထန်မီ ကာလအထိ ကိုလိုနီနယ် ဆယ့်သုံးနယ်မှာ ဘုံတူညီတဲ့အချက် အနည်းငယ်သာ ရှိခဲ့တာ ဖြစ်တယ်။ ကိုလိုနီနယ်တိုင်းက သီးခြားဖြစ်တဲ့ နယ်မြေ၊ သီးခြားအကျိုးစီးပွားကိုယ်စီ ရှိတယ်လို့ ယူဆခဲ့ကြတာ ဖြစ်တယ်။


အခု အခွန်ကောက်ခံမှုကြောင့် ဖြစ်လာတဲ့ ဒေါသက ကိုလိုနီနယ်သား တွေကို စုစည်းညီညွတ်သွားစေပါတယ်။ ဘော်စတွန်တီးပါတီ လှုပ်ရှားမှုအပြီး မှာ အင်္ဂလန်ဘက်က အလျင်အမြန် အရေးယူ ဆောင်ရွက်မှုတွေ လုပ်လာခဲ့ တယ်။ သင်္ဘောဆိပ်ကို ပိတ်လိုက်ပြီး ဗြိတိသျှတပ်တွေ မြို့ထဲကို ဝင်လာကြ တယ်။ ဘယ်ပစ္စည်းမှ မြို့ထဲ ဝင်ထွက်ခွင့် မရတဲ့အတွက် အစားအသောက် တွေ ရှားပါးလာတယ်။ ဒါပေမဲ့ မြို့သားတွေကတော့ ပျက်စီးသွားတဲ့ လက်ဖက်

# ဘော်စတွန်တီးပါတီ

နယူးယောက်နဲ့ ဖီလာဒယ်ဖီးယားတို့မှာ ဒေါသထွက်နေတဲ့ လူအုပ်ကြီးက လက်ဖက်ခြောက်ချရန် လာတဲ့ သင်္ဘောများကို ကမ်းသို့ မကပ်နိုင်အောင် တားဆီးကြတယ်။



၁၇၇၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှာတော့ 'လွတ်လပ်မှုတေးသံ' လို့ အမည်ပေးထားတဲ့ လူအုပ်စုက ဒုံထက်ပိုပြီး လုပ်ဆောင်ခဲ့ကြတယ်။ သူတို့က မိုဟော့အင်ဒီးယန်းများကဲ့သို့ ဝတ်ဆင်ပြီး သင်္ဘော ၃ စီးပေါ် တက်ကာ လက်ဖက်ခြောက် ၃၄၂ သေတ္တာကို ပင်လယ်ထဲ သွန်ချပစ်ခဲ့တယ်။ ဒီအဖြစ်အပျက်ကို ဘော်စတွန်တီးပါတီ လှုပ်ရှားမှုလို့ သိကြတယ်။ ဂျော့ဘုရင်၃ဟာ ဒီသတင်းကို ကြားရပြီး အလွန်စိတ်ဆိုးခဲ့တယ်။ ပင်လယ်ထဲသို့ သွန်ချတဲ့ လက်ဖက်ခြောက်များအတွက် ကိုလိုနီနယ်သားများက ကျခံသင့်တယ်လို့ သူ ယူဆ တယ်။ နောက် ထိုသူများကို ပြစ်ဒဏ် ကျခံစေရမှာ ဖြစ်တယ်။



ခြောက်တွေအတွက် တန်ဖိုးပေးလျော်ရန် ငြင်းဆန်ခဲ့တယ်။ တကယ်တမ်းမှာ ဘော်စတွန်မြို့သားများဟာ သူတို့အခွင့်အရေးအတွက် သူတို့ တိုက်ပွဲဝင်နေခြင်းပဲ ဖြစ်တယ်။

အခြားသော ကိုလိုနီနယ်တွေက ဒီကိစ္စမှာ ဘော်စတွန်ဘက်က ရပ်တည်လာကြတယ်။ ဂျော့ချ်ဝါရှင်တန်ကလည်း အလားတူပဲ ဖြစ်တယ်။ ထိုနှစ်နွေရာသီမှာ ကိုလိုနီနယ်များ ဖီလာဒယ်ဖီးယားမှာ အစည်းအဝေး ကျင်းပကြတယ်။ ဗာဂျီးနီးယားကိုယ်စားပြု အစည်းအဝေး တက်ရောက်သူ ၆ ဦးမှာ ဂျော့ချ်ဝါရှင်တန်လည်း ပါဝင်ခဲ့တယ်။

အမေရိကတိုက်လုံးဆိုင်ရာ အစည်းအဝေးလို့ သူတို့ခေါ်ဆိုတဲ့ အစည်းအဝေးကို ကိုလိုနီနယ် ၁၂ ခုက ကိုယ်စားလှယ်တွေ တက်ရောက်ကြတယ်။ (ဂျော်ဂျီယာတစ်ခုပဲ မလာဖို့ ဆုံးဖြတ်ခဲ့တယ်) အဲဒီအချိန်အထိ ဘယ်သူကမှ ခွဲထွက်ရေးကို မပြောခဲ့ကြသေးပါဘူး။ သူတို့က အင်္ဂလိပ်အစိုးရနဲ့ကြားအခြေအနေများ ကောင်းလာမယ်လို့ မျှော်လင့်နေကြတုန်း ဖြစ်ပါတယ်။

ဒါပေမဲ့ ၁၇၇၅ ခုနှစ် မေလမှာ ကျင်းပတဲ့ ဒုတိယအကြိမ် တိုက်လုံးဆိုင်ရာ ကွန်ဂရက်မှာတော့ သဘောထားတွေ အကြီးအကျယ် ပြောင်းကုန်



ဖီလာဒယ်ဖီးယား လွတ်လပ်ရေးခန်းမ

ကြပါတယ်။ ကိုလိုနီတပ်များနဲ့ ကုတ်နီ(အင်္ဂလိပ်)တပ်များကြား တိုက်ပွဲအချို့ မန်ဆာချူးဆက်မြို့မှာ ဖြစ်ပွားခဲ့တယ်။ ဒီအချိန်မှာ နောက်ပြန်ဆုတ်လို့ မရတော့။ ကိုလိုနီနယ်သားများ လွတ်လပ်ရေး အလွန်ရလိုလာပြီ ဖြစ်ပါတယ်။

ကိုလိုနီနယ်သားများက ထိုဒုတိယကွန်ဂရက်မှ စ၍ စစ်အတွက် ပြင်ဆင်ခဲ့ကြတာ ဖြစ်တယ်။ ဂျော့ချ်ဝါရှင်တန်က အပြာရောင်စစ်ဝတ်စုံနဲ့



လက်ဆင်တန် စစ်ပွဲ

ရောက်လာခဲ့တယ်။ အခု သူ့အသက် ၄၃ နှစ် ရှိပါပြီ။ လွန်ခဲ့တဲ့ ၁၅ နှစ်လုံးလုံး သူ လယ်သမားလုပ်နေခဲ့တာပါ။ သူ့ရဲ့ အစောပိုင်းစစ်ပွဲမှတ်တမ်းတွေက သိပ်ပြီး မကြီးကျယ်လှပါဘူး။ သူဟာ စစ်ပွဲတစ်ပွဲမှ မနိုင်ခဲ့ဖူးသလို၊ ကြီးတဲ့ စစ်တပ်ကိုလည်း မကွပ်ကဲခဲ့ဖူးပေ။



သို့သော်လည်း ဝါရှင်တန်ဟာ ၁၇၇၅ ခု ဇွန်လတွင်းမှာ အမေရိကန် တိုက်တစ်တိုက်လုံးဆိုင်ရာ တပ်မတော်အသစ်စက်စက်ကြီးကို ဦးဆောင်ဖို့ တာဝန်ပေးခြင်းခံရပါတယ်။ သူ့ရဲ့ ပင်ကိုစွမ်းဆောင်နိုင်မှုကို သံသယရှိပေမဲ့

ထိုတာဝန်ကို သူ လက်ခံခဲ့ပါတယ်။ အဲဒီတာဝန်အတွက် စတင်အဆိုပြုချိန်မှာ သူ့ရဲ့ ပထမဆုံး တုံ့ပြန်မှုကတော့ သူ့မျက်နှာတစ်ခုလုံး နီရဲသွားပြီး အခန်းထဲက ပြေးထွက်သွားခဲ့တာပဲ ဖြစ်တယ်။



# လွတ်လပ်ရေး ကြေညာစာတမ်း

ဖီလာဒယ်ဖီးယားမှာ ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် အမေရိကတိုက်လုံးဆိုင်ရာ ကွန်ဂရက်ကို ဂျော့ရှ်ဝါရှင်တန်က ဦးဆောင်ခဲ့တယ်။ သူက အခြားသော ကိုယ်စားလှယ်များနဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်ပြီး စစ်ပွဲရဲ့ စီမံကိန်းတွေ ကို ဆွေးနွေးတယ်။ အင်္ဂလန်မှ ခွဲထွက်လိုတဲ့ အကြောင်းပြချက်အားလုံးကို ဂျက်ဖာဆင်ကို ရေးဖို့ တာဝန်ပေးကြတယ်။ ဘင်ဂျမင်ဖရင်ကလင်က သူ့ကို ကူညီခဲ့ပေမဲ့ စာသားအများစုက သောမတ်ဂျက်ဖာဆင် စာသားများ ဖြစ်ပါတယ်။ ထိုစာသားများဟာ အမေရိကန်သမိုင်းမှာ အပြောင်မြောက်ဆုံး စာသားများပဲ ဖြစ်ပါတယ်။ အဲဒီလွတ်လပ်ရေး ကြေညာစာတမ်းကို ကွန်ဂရက်ကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များက ၁၇၇၆ ခု ဇူလိုင်လ ၄ ရက်နေ့ မှာ လက်မှတ်ရေးထိုးခဲ့ကြတယ်။ ထိုစာတမ်းတွင် ဂျွန်ဟင်းကော့ဆိုသူတစ်ဦးက ထင်ရှားသော စာလုံးကြီးများနဲ့ လက်မှတ်ရေးထိုးခဲ့ပါတယ်။ အခုခေတ်မှာ တစ်စုံတစ်ယောက်က သင့်အား သင်၏ ဂျွန်ဟင်းကော့ကို လိုချင်သည်ဟု ဆိုလာပါက အဓိပ္ပာယ်မှာ သင်ရဲ့လက်မှတ်ကို ဆိုလိုတာပဲ ဖြစ်ပါတယ်။





နယူးယောက် ကိုလိုနီနယ်သားများက ဂျော့ဘုရင် ၃ ရဲ့
ရုပ်တုကို ဖြိုချနေစဉ်

# အခန်း – ၆

# အမိန့်ပေးဗိုလ်ချုပ်



ဗိုလ်ချုပ် ဝါရှင်တန်
၁၇၇၇

လွတ်လပ်ရေးစစ်ပွဲက ၁၇၇၅ ခုနှစ်မှ ၁၇၈၃ ခုနှစ်အထိ ကြာခဲ့ပါတယ်။ အဆုံးမှာတော့ အားလုံးသိကြတဲ့အတိုင်း ကိုလိုနီနယ်သားများက အနိုင်ရခဲ့ကြတယ်။ အားလုံးအတွက် အဖြေက အခြားတစ်မျိုးဖြစ်မယ်လို့ ထင်စရာမရှိပေ။ ဒါပေမဲ့ အဲဒီအချိန်ကတော့ ဘယ်သူကမှ ရလဒ်ကို အသေအချာခန့်မှန်းပြောဆိုနိုင်ခဲ့တာ မဟုတ်ပါဘူး။ တကယ်တော့ ကိုလိုနီနယ်သားများအဖို့ အင်္ဂလိပ်ကို အနိုင်ရရန် အခွင့်အလမ်း အနည်းငယ်သာ ရှိခဲ့တာ ဖြစ်ပါတယ်။

ဝါရှင်တန်ဦးဆောင်တဲ့ အမေရိကန်တပ်ဟာ လေ့ကျင့်ထားခြင်း မရှိဘဲ စစ်ပွဲကို ဝင်ရောက်ခဲ့တာ ဖြစ်တယ်။ စစ်သားများကလည်း ငယ်ရွယ်ပြီး ပညာမတတ်ကြတဲ့ ဆင်းရဲသားများပဲ ဖြစ်ပါတယ်။ အများစုက ၁၅ နှစ်မှ ၂၅ နှစ်အရွယ်များ ဖြစ်တယ်။ တပ်ထဲကို ဝင်လာကြသူ အများစုက အခြားရွေးချယ်စရာ အလုပ်အကိုင် မရှိခြင်းကြောင့် ဖြစ်တယ်။ သူတို့ဟာ လစာငွေရတဲ့ အလုပ်ကို လုပ်လိုကြတာပါ။


သူ့တပ်ဟာ ဘယ်တော့မှ စစ်သား လုံလောက်တယ်လို့ မရှိပါဘူး။ တပ်တွင်း နေထိုင်ရပုံကလည်း ဆိုးလှပါတယ်။ (တကယ်တမ်း အမေရိကန်စစ်သားတွေ ကျဆုံးရခြင်းမှာ စစ်မြေပြင်မှာ မဟုတ်ဘဲ ကျောက်ပေါက်ခြင်းနဲ့ အခြားသောရောဂါတွေကြောင့် ပိုမိုကျဆုံးရတာ ဖြစ်ပါတယ်။)



အမေရိကတိုက်မှ
စစ်သားများ

သူ့စစ်တပ်ဟာ လက်နက်၊ ခဲယမ်းသာမက အစားအစာနဲ့ စစ်ဝတ်များလည်း မလုံလောက်ပေ။ စစ်သားတွေဟာ တစ်ခါတစ်ရံ လပေါင်းများစွာ လစာငွေ မရကြပါဘူး။ စစ်ပွဲက တစ်နှစ်ပြီးတစ်နှစ် ကြာမြင့်လာလေ တပ်အတွက် လိုအပ်တဲ့ငွေကြေးက ပိုပြီး ခက်ခဲလာလေပါပဲ။

ဗြိတိသျှဗိုလ်ချုပ်တွေနဲ့ ယှဉ်ရင်တော့ စစ်အကြောင်း ဝါရှင်တန်က အနည်းငယ်ပဲ သိပါတယ်။ (သူ တပ်တွေကို ကြီးကြပ်ကွပ်ကဲမှု မလုပ်ရခင် အချိန်ကလေးမှ သူဟာ စစ်ရေးနည်းပရိယာယ်တွေ သင်ပြပေးတဲ့ စာအုပ် ၅-အုပ် ဝယ်ယူလေ့လာခဲ့တယ်) တကယ့်စစ်ပွဲကြီး ၉ ပွဲ တိုက်ရာမှာလည်း ၃ ပွဲသာ အနိုင်ရခဲ့တာ ဖြစ်ပါတယ်။



သူ ရင်ဆိုင်ရတဲ့ ရန်သူက အင်အားကြီးလှတဲ့ အင်္ဂလိပ်စစ်တပ် ဖြစ်တယ်။ ထိုစဉ်က ကမ္ဘာမှာ အကြီးဆုံးနဲ့ တိုက်ရည်ခိုက်ရည် အရှိဆုံးတပ်လည်း ဖြစ်တယ်။ ထိုအချိန်က ဗြိတိသျှရေတပ်က ပင်လယ်ပြင်ကို စိုးမိုးထားပါတယ်။ ဗြိတိသျှဗိုလ်ချုပ်တွေဟာလည်း စစ်ပွဲတွေအတွင်း အစမ်းသပ်ခံရပြီးတဲ့ ရဲရင့်သူများပဲ ဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေအောက်မှာ အမေရိကန်တို့ ဘယ်လိုအနိုင်ရခဲ့တာပါလဲ။

အရိုးရှင်းဆုံး အကြောင်းအရင်းတစ်ခု ရှိပါတယ်။ စစ်ပွဲကို ရေရှည်




တိုက်လာရတဲ့အခါ အချို့နေရာတွေမှာ ဗြိတိသျှတို့ဘက်က ရှုံးဖို့ အကြောင်းဖန်လာပါတယ်။ ဒါပေမဲ့ အမေရိကန်တပ်တွေ အောင်ပွဲခံဖို့အထိ မဟုတ်သေးဘဲ မရှုံးရုံလောက်ဘဲ ရှိပါသေးတယ်။

အချိန်ကြာလာတာနဲ့အမျှ ဂျော့ချ်ဝါရှင်တန်ဟာလည်း ကျွမ်းကျင်လိမ္မာစွာ ဆုံးဖြတ်နိုင်တဲ့ ဗိုလ်ချုပ်တစ်ဦး ဖြစ်လာတယ်။ စစ်ပွဲကြီးများ ရင်ဆိုင်တိုက်ခိုက်နေရတာထက် လျှပ်တပြက် အလစ်အငိုက် တိုက်ရတာက ပိုကောင်းတာကို သူ တွေ့လာတယ်။ ဒီနည်းဟာ အဲဒီအချိန်တုန်းက လူကြီးလူကောင်းဆန်တဲ့နည်းတော့ မဟုတ်ပါဘူး။ (အဲဒီရက်တွေက ဝါရှင်တန်ကိုယ်တိုင်လည်း အလစ်အငိုက် တိုက်ခိုက်ရမှုတွေအတွက် သူ့ဂုဏ်သိက္ခာထိခိုက်သွားမှာကို စိုးရိမ်မှုရှိခဲ့တယ်လို့ ဆိုပါတယ်) ဒါပေမဲ့ ဒီလို တိုက်ပွဲဆင်နည်းကို ဆက်လက်ပြုလုပ်ခဲ့တာ ဖြစ်တယ်။




အမေရိကန်တပ်တွေဟာ နိုင်လုံတဲ့အကြောင်းအရင်းတွေကြောင့် စစ်တိုက်ရတာ ဖြစ်တယ်။ သူတို့ လွတ်လပ်ရေး လိုချင်ကြတယ်။ အဲဒါကြောင့် အသေခံတိုက်လိုစိတ် ရှိနေကြတယ်။ သူတို့က ကိုယ့်နယ်မြေမှာ တိုက်နေကြတာ ဖြစ်တယ်။ တစ်ဖက်မှာ ဗြိတိသျှစစ်သားတွေအတွက်ကတော့ နယ်မြေစိမ်းမှာ တိုက်ကြရတာ ဖြစ်တယ်။ သူတို့နေရပ်မှ မိုင်သုံးထောင်ဝေးတဲ့ အရပ်ဒေသမှာ တိုက်ခိုက်နေရတာ ဖြစ်တယ်။

၁၇၇၈ ခုနှစ် အရောက်မှာတော့ ပြင်သစ်တို့က အမေရိကန်တို့ဘက်မှ



ပရင်စတန်အနီး အလစ်အငိုက် လျှပ်တပြက် တိုက်ပွဲ။




ကူညီရန် ဆုံးဖြတ်ခဲ့တယ်။ (ဗြိတိန်ဟာ ပြင်သစ်ရဲ့ ကာလရှည်ကြာစွာက ဖြစ်ခဲ့တဲ့ ရန်ဘက်ကြီး ဖြစ်ပါတယ်) ပြင်သစ် အကူအညီမှာ သင်္ဘောများ၊ ငွေများ မဟုတ်ဘဲ တပ်ဖွဲ့များ စေလွှတ်ပြီး ကူညီခဲ့တာပါ။ ထိုတပ်ဖွဲ့များထဲမှာ မားကွက်စ်ဒီလာဖေးယက်ဆိုတဲ့ ဂုဏ်သရေရှိလူငယ်တစ်ဦး ပါဝင်ပါတယ်။ သူဟာ ဂျော့ချ်ဝါရှင်တန်ရဲ့ အနီးကပ်လူယုံ ဖြစ်လာတယ်။ ဝါရှင်တန်ရဲ့ သားတစ်ဦးကဲ့သို့ပင် ဖြစ်လာပါတယ်။

၁၇၇၈ ခုနှစ် ဆောင်းရာသီ တပ်ချနားနေရာ ပင်ဆယ်လ်ဗေးနီးယားပြည်နယ်၊ ဗဲလ်လေးဖို့ဒ်ဒေသကို လူတစ်ဦး ရောက်လာခဲ့တယ်။ သူ့နာမည်က မြို့စား ဗွန်စတောဘန်းလို့ခေါ်ပြီး သူဟာ ဂျာမန်ဗိုလ်ချုပ်တစ်ဦးလို့ ပြော

တယ်။ တကယ်တော့ သူဟာ မြို့စားတစ်ယောက် မဟုတ်သလို ဗိုလ်ချုပ် တစ်ဦးလည်း မဟုတ်ပါဘူး။ သူဟာ ၁၆ နှစ်သားကတည်းက စစ်သားလုပ် လာခဲ့သူတစ်ဦးဖြစ်ပြီး စစ်သားများကို လေ့ကျင့်သင်တန်းပေးတဲ့ ကိစ္စတွေ ကို ကျွမ်းကျင်သူပဲ ဖြစ်တယ်။

ဗွန်စတောဘန်းက ဝါရှင်တန်ရဲ့စစ်သားတွေကို တပ်ဖွဲ့လိုက် လှုပ်ရှား တတ်အောင် သင်ကြားပေးတယ်။ သူက စစ်သားများ ကြောက်လန့်နေချိန်၊ ဘေးပတ်လည်မှာ ရဲဘော်များ သေဆုံးနေချိန်မျိုးမှာပင် တိုက်ရဲခိုက်ရဲစိတ် ရှိလာအောင် သင်ကြားပေးတာ ဖြစ်တယ်။ ဒီပုဂ္ဂိုလ်ကြောင့် အမေရိကန်တပ် များ ပိုမို စစ်ရေးစစ်ရာ ကျွမ်းကျင်လိမ္မာကြတယ်။ ဒီအချက်တွေက စစ်ကို အောင်နိုင်စေခဲ့ခြင်းပဲ ဖြစ်ပါတယ်။



ဘာရွန် ဗွန် စတောဘန်း

ဒါပေမဲ့ အခြားအရာတွေထက် ပိုပြီး စစ်ကို အောင်နိုင်စေခဲ့တဲ့သူက တော့ ဂျော့ချ်ဝါရှင်တန်ပဲ ဖြစ်ပါတယ်။ ရှုံးနိမ့်မှုတချို့ ရှိခဲ့တဲ့တိုင် သူ့ရဲ့စစ်သား တွေက သူ့အပေါ် အမြဲယုံကြည်မှု ရှိကြတယ်။ ရှည်လျားတဲ့ စစ်ပွဲကာလ အတွင်း ဗြိတိသျှတပ်မှ အမိန့်ပေးဗိုလ်ချုပ် လေးယောက်လောက် ပြောင်းသွား ခဲ့တယ်။ အမေရိကန်တပ်အတွက်တော့ ဂျော့ချ်ဝါရှင်တန် တစ်ဦးတည်းသာ ရှိခဲ့ပါတယ်။

အားလုံးက ဝါရှင်တန်ကို ဂုဏ်သရေရှိ အရေးကြီးပုဂ္ဂိုလ်အဖြစ် သိကြ ပေမဲ့ သူဟာ ငြိမ်သက်အေးဆေးစွာ နေလေ့ရှိပြီး သူ့ငယ်သားများနဲ့ လက် ပွန်းတတီး အရောတဝင် နေလေ့မရှိပါဘူး။ ဒါပေမဲ့ သူက အားလုံးကို လေးစား စွာ ဆက်ဆံပါတယ်။ သူဟာ သမမျှတစွာ ပြုမူတတ်တဲ့ ခေါင်းဆောင် ဖြစ် တယ်။ သူ့ငယ်သားများက သူ့အပေါ် သစ္စာရှိကြတယ်။

အကြိမ်ပေါင်းများစွာ ဝါရှင်တန်ဟာ စူပါမင်းတစ်ယောက်ကဲ့သို့နီးပါး စွမ်းဆောင်ခဲ့တယ်။ သူဟာ ကြောက်ရွံ့စိုးရိမ်မှုကို တစ်စက်မှ မဖော်ပြခဲ့။ ကြောက်မက်ဖွယ်ရာ စစ်ပွဲတွေက သူ့ရဲ့ ကျန်းမာရေးနဲ့ တည်ငြိမ်မှုတို့အပေါ် လုံးဝ သက်ရောက်မှု မရှိခဲ့ပါဘူး။ သူဟာ စစ်ပွဲတွေ၊ လုပ်ငန်းတာဝန်တွေနဲ့ စိတ်ဖိစီးမှုတွေများလာရင် သူ့ရဲ့ လက်ထောက်များနဲ့ ဖဲကစားပြီး ဖြေဖျောက် လေ့ ရှိတယ်။

တကယ်ကတော့ သူ့အတွက် အလုပ်ဖိအားက အလွန်ကြီးပါတယ်။ လူများစွာရဲ့ အသက်ဟာ သူ့လက်ထဲမှာ ရှိနေတယ်။ ဒါကတော့ စစ်ပွဲတစ်ခု တည်း မဟုတ်ဘဲ ဝါရှင်တန်အတွက် မပြီးဆုံးနိုင်တဲ့ ပြဿနာက သူ့စစ်သား



တွေရဲ့ အဝတ်အထည်နဲ့ အစားအသောက် လုံလောက်အောင် မပေးစွမ်းနိုင်တဲ့ ပြဿနာပဲ ဖြစ်ပါတယ်။ ဗီလာဒယ်ဖီးယားကွန်ဂရက်က ငွေကြေးနဲ့ တပ်ဖွဲ့တွေ ပိုမိုစေလွှတ်ဖို့ အာဏာမရှိပါဘူး။ ကိုလိုနီရှိ ဒေသအစိုးရတွေကလည်း စစ်ပွဲရှည်ကြာလာတဲ့အတွက် အခွန်တိုးမြှင့်ကောက်ခံဖို့ စိတ်အားမထက်သန်ဘဲ ဖြစ်လာနေတယ်။

ဝါရှင်တန်ကတော့ ပိုမိုကြီးမားတဲ့ကိစ္စများကို မြင်တွေ့နေပါတယ်။ မှန်ပါတယ်။ သူတို့ ဆင်နွှဲနေတာ လွတ်လပ်ရေးစစ်ပွဲ ဖြစ်တယ်။ အကယ်၍ ကိုလိုနီများ ဗြိတိသျှလက်အောက်က လွတ်လပ်ရေးရခဲ့လျှင် ဘယ်လိုဖြစ်လာမလဲ။ စစ်ပွဲကာလအတွင်း ဒီပြဿနာကို လူများစွာ စဉ်းစားခဲ့ပါတယ်။ နိုင်ငံသစ်တစ်ခု ပေါ်ထွက်လာရင် ကြံ့ခိုင်တဲ့ ဗဟိုအစိုးရတစ်ရပ် ရှိရမယ် လို့

သူ့ယုံကြည်လာတယ်။ စစ်တပ်ထဲမှာ ပြတ်သားကြံ့ခိုင်တဲ့ အမိန့်ပေးမယ့် အရာရှိတစ်ဦး လိုအပ်သလိုပဲ ကွဲပြားတဲ့ ကိုလိုနီနယ်တွေကို ပေါင်းစည်းလာတဲ့ တိုင်းပြည်မှာလည်း ကြံ့ခိုင်တဲ့ ခေါင်းဆောင်တစ်ယောက် လိုအပ်ပါတယ်။ သူ့ စဉ်းစားတာကတော့ ဘုရင်ပုံစံ မဟုတ်ဘဲ ရွေးချယ်တင်မြှောက်ခံ ခေါင်းဆောင်မျိုးပါပဲ။





အခွန်တံဆိပ်ခေါင်း

# အခန်း – ၇

# ခက်ခဲလှတဲ့ နေ့ရက်များ

အဲဒီအချိန်က စစ်ပွဲအများစုဟာ နယူးယောက်၊ နယူးဂျာစီနဲ့ ပင်ဆယ်လ်ဗေးနီးယားတို့မှာ ဖြစ်ပွားခဲ့တာပါ။ ၁၇၇၈ ခုနှစ် ဆောင်းနှောင်းကာလမှာ နယူးယောက် ဆာရာတိုဂါအရပ်တွင် အမေရိကန်တပ်က အရေးပါတဲ့ စစ်ပွဲတစ်ပွဲကို အနိုင်ရလိုက်ပါတယ်။ ဒီသတင်းကောင်းကို ကြားပြီးတဲ့နောက် ဝါရှင်တန်ဟာ အင်အားတစ်သောင်းလောက်ရှိတဲ့ တပ်ကို ဦးဆောင်ပြီး အနောက်ဘက် ပင်ဆယ်လ်ဗေးနီးယားပြည်နယ်ကို ချီတက်လာခဲ့တယ်။ စစ်ပွဲ ပြန်စလာနိုင်တဲ့ နွေရာသီမတိုင်မီ သူတို့ စခန်းတည်ဆောက်ကြရပါတယ်။

ဆာရာတိုဂါတွင် လက်နက်ချလာသော ဗြိတိသျှစစ်သားများ



စခန်းတည်ဆောက်ရန် 'ဗို့ချ်' တောင်ကြားကို ရွေးချယ်လိုက်တယ်။ ဒီနေရာက ခုခံစစ်ဆင်ဖို့ လွယ်ကူတယ်။ သူ့ရဲ့ စပိုင်များအဖို့လည်း အနီးအနားမှာရှိတဲ့ ဖီလာဒယ်ဖီးယားရှိ ဗြိတိသျှတပ်တွေကို စောင့်ကြည့်ဖို့ လွယ်ကူတဲ့နေရာလည်း ဖြစ်ပါတယ်။

ဗို့ချ်တောင်ကြားမှာ နားနေခဲ့ရတာကြောင့် ဝါရှင်တန်ရဲ့ တပ်တွေ ပြန်လည် အင်အားပြည့်လာခဲ့တယ်။ ဒါပေမဲ့ ရာသီဥတုက အလွန်အေးလာတယ်။ သူတို့ ဆောက်ခဲ့ကြတဲ့ တဲများက အနွေးဓာတ် လုံးဝ မရှိပါဘူး။ (နှင်းတွေကျနေတဲ့အတွက် ထင်းများကလည်း မီးမစွဲပဲ ဖြစ်နေတယ်)

အမေရိကန် တိုက်လုံးဆိုင်ရာ ကွန်ဂရက်ကို ပေးတဲ့စာမှာ ဝါရှင်တန်က အကူအညီ ထပ်မံ တောင်းခံခဲ့ပါတယ်။ သူ့တပ်အတွက် ယူနီဖောင်း၊ စစ်ဝတ်များ၊ ဖိနပ်များနဲ့ အစားအစာတို့ လိုအပ်နေပါတယ်။ ကွန်ဂရက်က ဝါရှင်တန်ကို တပ်တွေအတွက် တစာစာ တောင်းခံနေတာမျိုး မလုပ်ဖို့ ပြောတယ်။ ဒါက စစ်သားတွေအတွက်တော့ အလွန်စိတ်ဆိုးတဲ့ အခြေအနေပါပဲ။

အမေရိကန်တပ်ရဲ့ အများစုက စစ်ဝတ်စုံ အစုတ်အပြဲတွေကိုပဲ ဝတ်ထားကြရတယ်။ အချို့မှာတော့ ဝတ်စရာပင် မရှိတဲ့အတွက် စောင်နဲ့ ပတ်ထားကြရတယ်။ တာဝန်ရှိလို့ သွားရရင် အခြားတစ်ယောက်ရဲ့အဝတ်ကို ငှားပြီး ဝတ်ကြရတယ်။ အရာရှိများက ခြေထောက်ကို ရေခဲကိုက်ခြင်းက ကာကွယ်နိုင်ဖို့ ဝီစကီအရက်ကို ဖိနပ်ထဲ လောင်းထည့်ကြတယ်။ ရိုးရိုးစစ်သားများကတော့ ဖိနပ်မရှိသူက များပါတယ်။ နှင်းထဲမှာ သူတို့ရဲ့ ခြေထောက်တွေ သွေးသံရဲရဲ ဖြစ်နေတာကို ဝါရှင်တန်က အထက်ကို အစီရင်ခံခဲ့တယ်။ အချို့



စစ်သားများရဲ့ ခြေထောက်တွေဟာ အေးခဲပြီး အမည်းရောင် ဖြစ်သွားပါတယ်။ ဒါဆိုရင် ဒီစစ်သားရဲ့ ခြေထောက်ဟာ ဖြတ်ပစ်ရတော့တာပါပဲ။

မြင်းတွေအတွက်လည်း အစာက မရှိပါဘူး။ မြင်းအများစုဟာ လဲကျသေဆုံးကုန်ကြတာပေါ့။ စစ်သားများအတွက်ပင် အစားအစာက လုံလောက်အောင် မရှိ။ အသားတစ်ဖတ်မျှပင် မစားရဘဲ ရက်များများ လမ်းလျှောက်ကြရတယ်။ အငတ်ဘေးကျလုနီးပါး ဖြစ်လာပါတယ်။

မာသာက အမြဲတမ်း သူ့ခင်ပွန်းနဲ့အတူ လိုက်နေတယ်။ ဆောင်းရာသီ စခန်းမှာလည်း တပ်ဖွဲ့တွေနဲ့အတူ ရှိနေတယ်။ လူတိုင်းက သူ့ကို လေဒီဝါရှင်တန်လို့ ခေါ်ကြတယ်။ မာသာဟာ သွေးသံရဲရဲ မြင်ကွင်းတွေကို မကြည့်ရဲ၊ သေနတ်သံကြားလျှင်ပင် တုန်ရီနေတတ်တယ်။ ဒါပေမဲ့ အဲဒီတပ်ဖွဲ့ထဲမှာရှိတဲ့ စစ်သားအတော်များများကို ဝါရှင်တန် သိသလို သူမကလည်း သိနေတာပါပဲ။ ဖို့ချ်တောင်ကြားမှာ ဖျားနာနေသူတွေကို သူမက ကူညီတတ်ပြီး လက်ဆောင်ပစ္စည်းကလေးများလည်း ပေးတတ်တယ်။ အဲဒီအချိန်အထိ တပ်ဖွဲ့တစ်ခုလုံးရဲ့ ၄ ပုံ ၁ ပုံ (၂၅၀၀ လောက်) ဟာ ရောဂါဘယဒဏ်တွေနဲ့ သေဆုံးခဲ့ရပါတယ်။

ဒါ့ထက် ပိုဆိုးတာကတော့ ဖို့ချ်တောင်ကြားရှိ စစ်သားတွေဟာ မလိုအပ်ဘဲ ဒုက္ခခံနေရတာ ဖြစ်နေတယ်။ မကြာသေးခင်ကပဲ ပင်ဆယ်လ်ဗေးနီးယား လယ်သမားတွေ ကောက်ပဲသီးနှံများ ရိတ်သိမ်းခဲ့ကြတယ်။ အဲဒီနှစ်က သီးထွက်ကောင်းလှပါတယ်။ ထိုလယ်သမားတွေက တပ်ကို အစားအစာ၊ အဝတ်အစား ထောက်ပံ့နိုင်ပါလျက်နဲ့ ပိုပြီးအမြတ်ရနိုင်တဲ့ ဗြိတိသျှတပ်တွေကို ရောင်းချခဲ့တာ ဖြစ်တယ်။

ဖို့ချ်တောင်ကြားမှာ ကြုံတွေ့ခဲ့ရတဲ့ ဆိုးရွားလှတဲ့ အခြေအနေမျိုးကို နောက်နှစ် မော်ရစ်ဆင်တပ်စခန်းရဲ့ ဆောင်းတွင်းကာလမှာ ထပ်မံကြုံတွေ့ခဲ့ရပြန်တယ်။ တပ်ဖွဲ့တွေမှာ စားစရာ မရှိတော့။ စစ်သားများ ဖျားနာပြီး

အများအပြား သေဆုံးကုန်တယ်။ ဝါရှင်တန်ရဲ့ တပ်မတော်ကြီးမှာ လူဦးရေ ရှစ်ထောင်လောက်သာ ကျန်တော့တယ်။ တကယ် တိုက်ခိုက်နိုင်စွမ်းရှိတဲ့ ဦးရေက သုံးထောင်လောက်သာရှိတာ ဖြစ်ပါတယ်။

ပိုဆိုးတဲ့ သတင်းတစ်ခုက နွေရာသီမှာ ရောက်လာပြန်ပါတယ်။ ချားလ်စ်တန်ရဲ့ တောင်ကာရိုလိုင်းနားမြို့တွေ ဗြိတိသျှတို့ လက်အောက်ကျ ရောက်သွားတဲ့ သတင်းပါ။ ဒါ့အပြင် ဆားဗားနားနဲ့ ဂျော်ဂျီယာမှာလည်း အမေရိကန် တပ်များ ရှုံးနိမ့်မှုနဲ့ ကြုံတွေ့ရတယ်။ ထိုနှစ် ဆောင်းရာသီရောက်မှ သူ့ရဲ့ ယုံကြည်အားကိုးရဆုံး ဗိုလ်ချုပ် ဘင်နာဒစ်အာနိုး ဗြိတိသျှတို့ဘက် ကူးပြောင်းသွားခဲ့တာကို သူသိရတော့တယ်။ (အာနိုးဟာ ငွေကြေးအတွက် ဘက်ပြောင်းသွားခဲ့တာ ဖြစ်ပြီး အမေရိကန်သမိုင်းမှာ အဆိုးရွားဆုံး သစ္စာဖောက်မှု တစ်ခုအဖြစ် ယူဆကြပါတယ်။)


ဘင်နာဒစ်အာနိုး

# တိုရီများ

ရှည်ကြာပြီဖြစ်တဲ့ အတိတ်ကို ပြန်ကြည့်ရင် ကိုလိုနီနယ်သား အားလုံးဟာ အတူတကွ တိုက်ခိုက်ခဲ့ကြတာပါ။ တစ်ခုတည်းသော ရည်ရွယ်ချက်ကို အားလုံးယုံကြည်တယ်လို့ ယူဆစရာ ရှိပါတယ်။ သို့သော် ထိုအတိုင်း မဟုတ် ပေ။ အမေရိကန်အားလုံး ၁၇၇၆ လွတ်လပ်ရေးစိတ်ဓာတ်ရှိနေတာ မဟုတ် ပါဘူး။ အမေရိကန်ရဲ့ ဒုတိယမြောက်သမ္မတ ဖြစ်လာတဲ့ ဂျွန်အဒမ်က ပြောခဲ့ဖူးတယ်။ "ကိုလိုနီနယ်တွေရဲ့ သုံးပုံးတစ်ပုံက လွတ်လပ်ရေး ရလိုတယ်။ နောက်သုံးပုံတစ်ပုံက အင်္ဂလိပ်တို့ လက်အောက်မှာ နေလိုကြပါတယ်။ ၎င်း တို့ကို တိုရီ (Tories) များလို့ ခေါ်ကြတယ်။ နောက်ဆုံး သုံးပုံတစ်ပုံကတော့ ဘယ်လမ်းကိုမှ သိပ်ပြီး ဂရုမထားသူများလို့ ဂျွန်အဒမ်က ပြောခဲ့တာပါ။



ဂျွန်အဒမ်



စစ်ပွဲကာလအတွင်း တိုရီအများအပြားကို သစ္စာဖောက်များအဖြစ် အပြစ်ပေးခဲ့တယ်။ တစ်ခါတစ်ရံ ပုံပါအတိုင်း သူတို့ကိုယ်ပေါ်မှာ ကတ္တရာစေး လောင်းပြီး ငှက်မွေးတွေကပ်ကာ ထမ်းစင်ပေါ်တင်ပြီး မြို့တွင်းမှာ လှည့်လည်ကြတယ်။

စစ်ပြီးတဲ့အခါ တိုရီအများစုဟာ ကနေဒါကို ပြောင်းရွှေ့သွားခြင်း၊ ဒါမှမဟုတ် အင်္ဂလန်သို့ ပြန်သွားကြခြင်းအားဖြင့် အဆုံးသတ်သွားပါတယ်။

# အခန်း – ၈

# အမေရိက အောင်ပွဲ



ဂျော့ချ်ဝါရှင်တန်
အသက် ၅၅ နှစ်

အမေရိကန်တပ်တွေဟာ ၁၇၈၁ ခုနှစ် နွေဦးရာသီ ရောက်တဲ့အထိ မတည်မငြိမ် ရှုပ်ထွေးမှုတွေ ရှိနေသေးပေမဲ့ နောက် ၇ လ ကြာတဲ့အခါမှာတော့ စစ်ကြီး ပြီးဆုံးသွားခဲ့ပါတယ်။

စစ်ပွဲဟာ အရာရာကို ပြောင်းလဲစေခဲ့ပါတယ်။

လွန်ခဲ့တဲ့နှစ်များစွာကတည်းက ဗြိတိသျှတို့လက်အောက်ကို ရောက်နေခဲ့တဲ့ နယူးယောက်မြို့ကို ဂျော့ချ်ဝါရှင်တန်က ပြန်လည်သိမ်းယူခဲ့တယ်။ ဝါရှင်တန်က အကြီးစားအောင်ပွဲတစ်ခု ဖန်တီးလိုတယ်။ ဒါပေမဲ့ သူက ပါးနပ်စွာပဲ နယူးယောက်ကို ရှောင်ပြီး တောင်ပိုင်း ဗာဂျီးနီးယားပြည်နယ်ကို ရွေးချယ်ခဲ့တယ်။


ဒီပြည်နယ်မှာ ဗြိတိသျှဗိုလ်ချုပ် လော့ဒ်ချားလ်စ်ကွန်းဝဲလ်က တပ်တစ်ခုလုံး ရွှေ့ပြောင်းသွားခဲ့တာ ဖြစ်တယ်။ ဗြိတိသျှတပ်တွေဟာ ဗာဂျီးနီးယားပြည်နယ် 'ယော့တောင်းမြို့' အနီးမှာ တပ်ချထားတယ်။ ဒီနေရာဟာ ဘက် သုံးဘက်က ရေပတ်လည် ဝိုင်းနေတဲ့ ကျွန်းဆွယ်တစ်ခု ဖြစ်တယ်။

အမေရိကန်တို့က သင်္ဘောများကို ထိုနေရာသို့ ဦးတည်လိုက်တယ်။ ပြင်သစ်စစ်တပ်ကလည်း ပါဝင်ပူးပေါင်းခဲ့တယ်။ ဝါရှင်တန်က ကျွန်းဆွယ်ထိပ်ဖျားမှာ ရှိနေတဲ့ ပြင်သစ်တပ်ဆီသို့ တပ်ဖွဲ့ဝင် ၂၀၀၀ စေလွှတ်ပေးခဲ့တယ်။ ဝါရှင်တန်မှာ တိုက်ခိုက်ရေးအင်အား ၂၀၀၀ သာ ရှိတာကို အားလုံးက သိကြတာ ဖြစ်တယ်။ အဲဒီနေရာက ဗြိတိသျှတပ်မှာတော့ တိုက်အား ၇၀၀၀ လောက် ရှိနေတာပါ။

ကွန်းဝဲလ်ရဲ့တပ်ဟာ အင်အားများပေမဲ့ အဖက်ဖက်က ဝိုင်းပတ်ခံထားရတာ ဖြစ်တယ်။ ဗြိတိသျှတပ်ဟာ ထောင်ချောက်အတွင်း ပိတ်မိနေတာပါ။ တိုက်ပွဲစပါပြီ။

တိုက်ပွဲစပြီး ၈ ရက်အကြာ အောက်တိုဘာလ ၁ ရက်နေ့မှာတော့ ကွန်းဝဲ လက်နက်ချရတော့တာပါပဲ။ နောက် ၂ ရက်ကြာတဲ့အခါ ဝါရှင်တန်ဟာ သူ့အချစ်တော်မြင်းကို စီးပြီး ရောက်လာပါတယ်။ ယော့တောင်းမြို့မှ အပြင်သို့ ထွက်ခွာလာတဲ့ ရှုံးနိမ့်သွားသော ဗြိတိသျှစစ်သားတွေကို ကြည့်ရှုစစ်ဆေးခဲ့တယ်။


ယော့တောင်းတိုက်ပွဲ




အဲဒီအချိန်က ဒီတိုက်ပွဲဟာ စစ်ကို အဆုံးအဖြတ်ပေးစေခဲ့တဲ့ တိုက်ပွဲဆိုတာ ဝါရှင်တန် မသိခဲ့ပါဘူး။ ဒါပေမဲ့ တကယ့်အောင်ပွဲကို ရလိုက်တာပါ။

''အမေရိကန်တွေ လွတ်လပ်ရေး ရခဲ့ပါပြီ''

နောက်နှစ်နှစ်ကြာတဲ့အခါ ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ထိုသို့ စစ်ပြီးဆုံးကြောင်း စာချုပ်ချုပ်ဆိုပြီး






လျှင် ပြီးချင်း ဝါရှင်တန်က တပ်ကို နှုတ်ဆက်ထွက်ခွာခဲ့တာပဲ ဖြစ်ပါတယ်။ ပထမဦးစွာ သူဟာ ရိုးရိုးရဲဘော်တွေကို နှုတ်ဆက်ခဲ့တယ်။ သူက ၎င်းတို့ကို မျိုးချစ်ညီအစ်ကိုများလို့ ခေါ်ပါတယ်။ တစ်လကြာတဲ့အခါမှာ သူ့လက်အောက် အရာရှိများကို နယူးယောက်ရှိ စားသောက်ဆိုင်တစ်ခုမှာ တွေ့ဆုံနှုတ်ဆက် ခဲ့ပါတယ်။ (ထိုဆိုင်မှာ ယခုတိုင် ရှိနေပါတယ်)။ စစ်ပွဲကာလအတွင်း နှစ်များစွာ သူနှင့်အတူ ရှိခဲ့ကြတဲ့သူများနဲ့ ခွဲခွာရတဲ့အတွက် မျက်ရည်ကျရတယ်။ အရာရှိ တိုင်းကို သူ ရှေ့တွင်ရပ်ကာ လက်ဆွဲနှုတ်ဆက်ပြီး ပါးကို နမ်းတယ်။

ဂျော့ချ်ဝါရှင်တန် တပ်က နုတ်ထွက်ခဲ့ပါတယ်။ ၁၇၈၃ ခုနှစ် ခရစ်စမတ်ကာလမှာ သူ အိမ်ပြန်ရောက်ပါတယ်။ မာသာက မောင့်ဗားနွန်စံအိမ်ကြီးကနေ သူ့ကို ဆီးကြိုခဲ့တယ်။ သူက စိုက်ပျိုးရေးကို ပြန်လည်လုပ်ကိုင်ပြီး ဘဝအတွက် ကျန်ရှိနေသေးတဲ့ အချိန်တွေကို ဇာဂျီးနီးယားမှာပဲနေဖို့ စဉ်းစားထားတာပါ။ အခု သူ့အသက် ၅၁ နှစ်ရှိပြီး အနားယူဖို့အချိန် ရောက်ပါပြီ။



## ပြင်သစ်နှင့် စာချုပ်

စစ်ဟာ ၁၇၈၁ ခု အောက်တိုဘာမှာ ပြီးဆုံးခဲ့တယ်။ ပြင်သစ်စာချုပ်ကိုတော့ ၁၇၈၃ မတိုင်ခင်အထိ လက်မှတ်မထိုး ရသေးပါ။ ဒီစာချုပ်က အမေရိကန်ပြည်ထောင်စုကို သီးခြား လွတ်လပ်သောနိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့တာ ဖြစ်တယ်။ နိုင်ငံသစ်ရဲ့ နယ်နိမိတ်ကတော့ မဟာရေကန်ကြီးမှ မိန်း ပြည်နယ်၊ ဖလော်ရီဒါအထိရှိပြီး အတ္တလန်တစ်ကမ်းခြေကနေ မစ္စစ်စပီမြစ်အထိ ကျယ်ပါတယ်။







ဘင်ဂျမင်အနောက်နယ်လို့ အမည်ရတဲ့ နာမည်ကျော် ပန်းချီကားမှာ လက်မှတ်ရေးထိုးခဲ့ကြတဲ့ အမေရိကန်နဲ့ အင်္ဂလိပ်တို့ရဲ့ပုံကို ရေးဆွဲထားတာ ဖြစ်တယ်။ ဒီပန်းချီကားဟာ မပြီးခဲ့ပါဘူး။ ဘင်ဂျမင်နဲ့ ဂျွန်အဒမ်တို့ အပါအဝင် အမေရိကန်တွေက ဒီပန်းချီရေးဆွဲဖို့ လာရောက် ကိုယ်ဟန်ပြခဲ့ပေမယ့် အင်္ဂလိပ်တို့ကတော့ ဒီပန်းချီကားမှာ ပါဝင်ဖို့ ငြင်းဆိုခဲ့ကြတာပါ။



ဂျော့ချ်နဲ့ မာသာ၊ သူတို့ရဲ့ မြေးနှစ်ဦးနဲ့ တားဂျီးနီးယား အိမ်တော်ဝယ်

အခြေအနေမှာပဲ ရှိပါသေးတယ်။ အစိုးရကလည်း အားနည်းနေသေးတယ်။ အစိုးရအနေနဲ့ ပြည်နယ်များရဲ့ နယ်နိမိတ် သတ်မှတ်ဖို့၊ ကုန်သွယ်ရေးတွေ ထိန်းချုပ်ဖို့နဲ့ အခွန်အခတွေ တိုးမြှင့်ကောက်ယူဖို့လောက်တောင် မလုပ်နိုင်သေးပါဘူး။


ဝါရှင်တန်က ဒီပြဿနာတွေဟာ သူ့အတွက် ကကြီးကခွေးအဆင့်လောက်ပဲ ရှိပါတယ်လို့ ပြောတယ်။ နိုင်ငံသစ်ဟာ ကြံ့ခိုင်တဲ့စနစ်တွေ လိုနေတာပါ။ ၁၇၈၇ ခုနှစ်မှာတော့ ဖီလာဒယ်လ်ဖီးယားမှာ အစည်းအဝေးတစ်ခုခေါ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပါတယ်။ ဒီအစည်းအဝေးက ဂျော့ချ် မျှော်မှန်းတဲ့အစိုးရမျိုး ပေါ်ထွက်လာစေပါတယ်။ ဒီဖွဲ့စည်းပုံက အာဏာကို




ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးဆိုင်ရာ အစည်းအဝေးကြီး

သုံးရပ်ခွဲထားပါတယ်။ တစ်ခုက လုပ်ပိုင်ခွင့် အပြည့်အဝရှိသော သမ္မတ၊ နောက် ဥပဒေပြုတဲ့ ကွန်ဂရက်နဲ့ တရားစီရင်ရေးအတွက် နိုင်ငံတော်အမြင့်ဆုံး တရားရုံးတို့ ဖြစ်တယ်။ ဥပဒေတွေ မျှတမှု ရှိ မရှိဆိုတာက အမြင့်ဆုံး တရားရုံးက ဆုံးဖြတ်မှာ ဖြစ်တယ်။ ဒီအာဏာသုံးရပ်မှာ ဘယ်အာဏာကိုမှ အမြင့်ဆုံး အများဆုံး ပေးမထားပါဘူး။

အမေရိကန်အတွက် ပထမဆုံးသမ္မတကို မရွေးချယ်မီကတည်းက ဝါရှင်တန်ပဲ သမ္မတဖြစ်မယ်ဆိုတာ အားလုံးက သိပြီး ဖြစ်နေတာပါ။




ထိုစဉ်က ရွေးကောက်ပွဲစနစ်က အခုချိန်နဲ့တော့ မတူပါဘူး။ ပြည်နယ် အသီးသီးက မဲပေးမယ့် ကိုယ်စားလှယ်တွေကို အရင် ရွေးချယ်ရပါတယ်။ လူတိုင်းက နှစ်မဲစီ ပေးခွင့်ရပါတယ်။ လူတိုင်းက ဝါရှင်တန်ကို မဲပေးကြတာ ဖြစ်ပါတယ်။ ဝါရှင်တန် သမ္မတ ဖြစ်လာပါတယ်။ ဂျွန်အဒမ်က ၃၄ မဲနဲ့ ဒုတိယ နေရာရတဲ့အတွက် ဒုတိယသမ္မတ ဖြစ်လာပါတယ်။

ဂျော့ချ်ဝါရှင်တန်က သူ့ကို သမ္မတအဖြစ် ရွေးချယ်တဲ့ သတင်းကို ၁၇၈၉၊ ဧပြီလ ၁၄ ရက်နေ့မှာ လက်ခံရရှိပါတယ်။ နှစ်ရက်အကြာမှာတော့





သူဟာ  အဲဒီအချိန်က အမေရိကန်ရဲ့ ယာယီမြို့တော်ဖြစ်တဲ့ နယူးယောက်ကို ထွက်ခွာလာခဲ့တယ်။ သူ့အနေနဲ့ ဘယ်လောက်စိတ်လှုပ်ရှားခဲ့သလဲဆိုတာကို ပြောဖို့ စကားလုံးတောင် ရှာမရခဲ့ဘူးလို့ သူ ပြန်ပြောပြတယ်။ သူဟာ ဘယ်သူမှ မလျှောက်ဖူးတဲ့လမ်းကို လျှောက်ရမှာပါ။ ပိုဆိုးတာကတော့ သူ့အရင်က သမ္မတဖြစ်ဖူးသူ မရှိတဲ့အတွက် သူ့အတွက် အတုယူစရာ လမ်းကြောင်း မရှိဘူးဆိုတာပါပဲ။




ရှေ့ နောက်

သမ္မတ ဝါရှင်တန်
အမှတ်တရ
ကြယ်သီး



ဂျော့ချ်ဝါရှင်တန်ဟာ ဖက်ဒရယ်ခန်းမရဲ့ အပေါ်ထပ်စင်္ကြံမှာ ကျမ်းသစ္စာ ကျိန်ဆိုခဲ့တာပါ။ "ကျွန်ုပ်သည် အမေရိကန်သမ္မတ တာဝန်ကို သစ္စာရှိစွာ ထမ်းဆောင်ပါမည်။ အမေရိကန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုယ်စွမ်း

ညဏ်စွမ်းရှိသမျှ စိုက်ထုတ်၍ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်မည် ဖြစ်ကြောင်း လေးနက် တည်ကြည်စွာ သစ္စာဆိုပါသည်'' လို့ ကျမ်းသစ္စာဆိုခဲ့တယ်။ နောင် အမေရိကန်သမ္မတများ အားလုံးဟာလည်း ဒီအတိုင်းပဲ သစ္စာဆိုကြရတာ ဖြစ်တယ်။

အဲဒီအချိန်က ရွေးချယ်ခံ သမ္မတကို ဘယ်လိုခေါ်ဝေါ်ရမယ်ဆိုတာ ဘယ်သူမှ မသိကြပါဘူး။ ဂွန်အဒမ်က ရွေးချယ်ခံနှင့် မင်းညီမင်းသားတို့ကို ခေါ်ဝေါ်သော အသုံးအနှုန်းမျိုး သုံးရန် အကြံပြုပါတယ်။ အချို့ကလည်း အားကြီးသော၊ တော်ဝင်မင်းမျိုးဖြစ်သောဆိုတဲ့ စကားလုံးများခံ၍ သုံးရန် အကြံပြုကြတယ်။ ဝါရှင်တန်ကတော့ သူ့ကို ရှင်ဘုရင်ကဲ့သို့ နိုင်းနှိုင်း ခေါ်ဝေါ်တာကို မကြိုက်ပါဘူး။ နောက်ဆုံးမှာ သူ့ကို 'သမ္မတကြီး' လို့ ခေါ်ဖို့ ဆုံးဖြတ်ခဲ့တယ်။

ဝါရှင်တန်ရဲ့ ပထမဆုံး လုပ်ဆောင်ချက်တွေက သမ္မတတစ်ယောက် ထမ်းဆောင်ရမယ့် တာဝန်တွေကို သတ်မှတ်ခဲ့တာ ဖြစ်တယ်။ သမ္မတဟာ နိုင်ငံခြားရေးပေါ်လစီကို တာဝန်ခံရမှာ ဖြစ်တယ်။ ဒါက နိုင်ငံခြားတိုင်းပြည်တွေနဲ့ ဆက်ဆံတဲ့ကိစ္စတွေကို ပြောတာပါ။ သမ္မတဟာ ကွန်ဂရက်မှာ အစိုးရအသုံးစရိတ် (ဘတ်ဂျက်) ကို တင်သွင်းရပါတယ်။ အစိုးရလည်ပတ်ဖို့ အသုံးစရိတ်ကို တောင်းရပါတယ်။ သမ္မတဟာ တပ်ရဲ့စစ်ဦးစီးချုပ်လည်း ဖြစ်ပါတယ်။ သမ္မတဟာ ဝန်ကြီးအဖွဲ့ (ကက်ဘိနက်) ကို ရွေးချယ်ရတာဖြစ်ပြီး အရေးကြီးကိစ္စတွေမှာ သူ့ကို အကြံပေးမယ့်သူတွေကိုလည်း ခန့်အပ်ရတာ ဖြစ်တယ်။

သမ္မတအနေနဲ့ တစ်သက်တာ သက်တမ်း တာဝန်ထမ်းဆောင်မယ့်

တရားရုံးချုပ် တရားသူကြီးများ အပါအဝင် တရားသူကြီးများကိုလည်း ခန့်အပ်ရတာ ဖြစ်တယ်။ (တရားရုံးချုပ် တရားသူကြီးတစ်ဦး သေဆုံးခြင်း၊ သို့မဟုတ် နုတ်ထွက်ခြင်း၊ သို့မဟုတ် အနားယူခြင်း ပြုပါက အသစ်တစ်ယောက်ကို သမ္မတက ရွေးချယ်ခန့်အပ်ရပါတယ်။)

## ဂျော့ချ်ဝါရှင်တန်ရဲ့ ဝန်ကြီးအဖွဲ့





ဂျော့ချ်
အသက် ၆၆

ဂျော့ချ်ရဲ့ သမ္မတသက်တမ်း ပထမ ၄ နှစ်ဟာ ၁၇၉၃ ခုနှစ်မှာ ပြီးဆုံးပါတယ်။ ဒီအချိန်မှာ သူ့အနေနဲ့ အနားယူဖို့ အသင့်ဖြစ်နေပါပြီ။ အသက်ကလည်း ၆၀ ရှိလာပါပြီ။ ဆံပင်လည်း ဖြူလာပြီ။ သူ့ရဲ့ သွားများဟာ အရင်ကထက် ပိုနာကျင်လာပါတယ်။ အဲဒီတလောမှာ သူဟာ အအေးမိတဲ့ဒဏ်ကိုလည်း အတော်ခံလိုက်ရပါတယ်။

ဒါပေမဲ့ တိုင်းပြည်က အလွန် သစ်လွင်ပြီး အလွန်နုနယ်နေပါသေးတယ်။ သောမတ်ဂျက်ဖာဆင်နဲ့ အခြားသူများက ဝါရှင်တန်ကို နောက်ထပ် ၄ နှစ် ဆက် တာဝန်ထမ်းဆောင်ဖို့ လိုလားလျက် ရှိကြပါတယ်။ နောက်

၄ နှစ် ဆိုရင်တော့ အမေရိကန်ဟာ အနည်းငယ် ပိုသက်တမ်းရလာပြီး ပိုမို ခိုင်မာလာမှာ ဖြစ်တယ်။

မဲပြန်ရွေးကြတော့ ဝါရှင်တန်ပဲ အနိုင်ရပြန်ပါတယ်။ ဒီတစ်ကြိမ်မှာလည်း ဂျွန်အဒမ်က ဒုတိယနေရာကို ပြန်ရခဲ့ပါတယ်။

ဝါရှင်တန်ရဲ့ ဒုတိယသမ္မတသက်တမ်းကတော့ စကတည်းက မှန်မှန်ကန်ကန် ရှိခဲ့ပေမဲ့ ပျော်စရာတော့ မကောင်းလှပါဘူး။

ဒီသက်တမ်းအတွင်းမှာ လယ်သမားသူပုန်ထမှု ဖြစ်ခဲ့တယ်။ သူပုန်ထရတဲ့အကြောင်းကတော့ သူတို့က ပြောင်းဖူးအပေါ် ကောက်ယူတဲ့ အခွန်ငွေ မပေးလိုလို့ပါပဲ။




ဒေါသထွက်နေတဲ့ လယ်သမားများက အခွန်ကောက်ဝန်ထမ်းကို ရန်ပြု တိုက်ခိုက်ကြပုံ

ဒီကာလအတွင်း ဝါရှင်တန်ဟာ ဗြိတိသျှတို့နဲ့ စာချုပ်အသစ်တစ်ခု ချုပ်ခဲ့တယ်။ ဒီကိစ္စကြောင့် သူ့ကို လူကြိုက်နည်းစေခဲ့တယ်။ သူ့အနေနဲ့ တိုင်းပြည်မှာ ဒဏ်ရာအနာတရတွေ ရှိနေသေးတုန်း အချိန်မှာ ဗြိတိသျှတို့နဲ့ နောက်ထပ်စစ်ပွဲ မဖြစ်အောင် ရှောင်တာဖြစ်တယ်။ သတင်းစာတစ်စောင်ကဆိုရင် ဝါရှင်တန်ကို အတုအယောင် မျိုးချစ်ပုဂ္ဂိုလ်၊ ကြောင်သူတော်စသဖြင့် လွန်လွန်ကဲကဲ အပုတ်ချရေးသားခဲ့တယ်။ ဒီလို ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှု၊ စော်ကားမှုတွေက သူ့ကို အလွန်ပဲ စိတ်ထိခိုက်စေတာ ဖြစ်တယ်။





သူ့ကို စိတ်ကျေနပ်စေတဲ့ စီမံကိန်းတစ်ခုကတော့ မြို့တော်သစ် တည်ဆောက်ရတာပါ။ ပထမဆုံးမြို့တော်က နယူးယောက်မှာပါ။ နောက်တစ်နေရာက ဖီလာဒယ်လ်ဖီးယားမှာ ဖြစ်တယ်။ အခုမြို့တော်ကတော့ အမြဲတမ်းတည်ရှိနေမယ့် မြို့တော်ပါ။ သူ့ရဲ့စံအိမ် မောင့်ဗာနွန်နဲ့လည်း သိပ်မဝေးတဲ့နေရာမှာ ရှိတဲ့ ဝါရှင်တန်မြို့တော်ကြီးပါ။ သမ္မတသစ်အတွက် အိမ်တော်ဆောက်လုပ်နေတာကို သူ တွေ့မြင်ခဲ့ရပါတယ်။ ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာက အိမ်ဖြူတော်မှာ မနေလိုက်ရတဲ့ သမ္မတဟာ သူတစ်ယောက်ပဲ ရှိခဲ့တာပါ။

မြို့တော်အသစ်အတွက် စီမံကိန်း

ဝါရှင်တန် (D.C)





**သမ္မတအိမ်တော်အတွက် ပုံစံပြိုင်ပွဲတွင် ဂျော့ချ်ဝါရှင်တန်ကိုယ်တိုင် ရွေးချယ်ခဲ့သော တောင်ကာရိုလိုင်းနားပြည်နယ်၊ ချားလ်စ်တန်မြို့မှ အိုင်းရစ်လူမျိုး ဂျိမ်းစ်ဟိုဘန်၏ အိမ်ဖြူတော်ပုံ။**

ထိုအချိန်တွင် သူ့ရဲ့ သမ္မတဒုတိယမြောက်သက်တမ်းမှာ ကုန်ဆုံးခါနီးပါပြီ။ ဒါ့ကြောင့် ဝါရှင်တန်ဟာ အစိုးရအဖွဲ့ကို နှုတ်ဆက်ထွက်ခွာရတော့မှာ ဖြစ်တယ်။ သူ့ရဲ့ နှုတ်ဆက်မိန့်ခွန်းကို တစ်တိုင်းပြည်လုံးသိအောင် သတင်းစာကနေ ဖော်ပြခဲ့ပါတယ်။ သမ္မတသက်တမ်း နှစ်ကြိမ်ဆိုရင် လုံလောက်ပြီလို့ သူယူဆတာ ဖြစ်တယ်။ အရေးကြီးတာက နောက်သမ္မတတစ်ယောက်ကို တာဝန်လွှဲပြောင်းပေးဖို့ပါပဲ။ ဂျော့ဂျ်ဘုရင် ၃ က ပြောဖူးတယ်။ ဝါရှင်တန်သာ အာဏာစွန့်ပြီး အခြားတစ်ယောက်ကို သမ္မတနေရာ လွှဲပေးမယ်ဆိုရင် သူဟာ ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံး လူသားတစ်ဦးပဲလို့ ဒီအတိုင်းပဲ ဝါရှင်တန်က လုပ်ဆောင်ခဲ့ပါတယ်။




နောက်ဆုံးမှာ သူ အနားယူခဲ့ပါတယ်။ ဒါပေမဲ့ သူ ချစ်ခင်မြတ်နိုးလှတဲ့ မောင့်ဗာနွန်စံအိမ်ကြီးမှာ သူ ကြာရှည်စွာမနေလိုက်ရပါဘူး။ ၁၇၉၉ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့၊ အလွန်အေးမြပြီး မိုးတွေရွာနေတဲ့ နေ့တစ်နေ့မှာ သူဟာ လယ်တောက ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီး ပြန်လာခဲ့တယ်။ ရေစိုနေတဲ့ အင်္ကျီတွေကို ညစာမစားမီ အချိန်အထိ မလဲခဲ့မိဘူး။ နှစ်ရက်လောက် အကြာမှာတော့ အအေးမိပြီး လည်ချောင်းနာတဲ့ ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားရတယ်။ ''ငါတော့ သွားရတော့မယ်ထင်တယ်'' လို့ ခပ်တိုးတိုး မာသာကို ပြောလိုက်တယ်။ ခဏကြာမှာပဲ ဝါရှင်တန် ကွယ်လွန်သွားခဲ့တယ်။ အဲဒီအချိန်မှာ သူ့အသက် ၆၇ နှစ် ရှိပါပြီ။

George on his deathbed



**ဝါရှင်တန်၏ မိသားစု သချိုင်း**




မာသာက အသုဘ အခမ်းအနားကို မောင့်တနွန်မှာ ရိုးရိုးလေးပဲ ကျင်းပခဲ့တယ်။ ဒါပေမဲ့ တစ်နိုင်ငံလုံးကတော့ ဂျော့ချ်ဝါရှင်တန်ကို လေးစား ဂုဏ်ပြုခဲ့ကြပါတယ်။ ပြည်သူလူထုအတွက် ကြီးမားတဲ့ ဆုံးရှုံးမှုကြီး တစ်ရပ်ပါပဲ။ အဲဒီအချိန်က နုနယ်သေးတဲ့ အမေရိကန်ပြည်ထောင်စုကြီးအတွက် ဝါရှင်တန် မရှိရင် မဖြစ်နိုင်သလောက်ပါပဲ။

ဒါနဲ့ ဝါရှင်တန်အထိမ်းအမှတ် အဆောက်အဦဆောက်ဖို့ ကွန်ဂရက်မှာ ဆွေးနွေးခဲ့ကြပါတယ်။ (ဝါရှင်တန် D.C မှာ ဝါရှင်တန်အထိမ်းအမှတ်ကျောက်တိုင်ဟာ အမြင့်ဆုံးပါပဲ။ ဒီအထိမ်းအမှတ်ကျောက်တိုင်ကို ၁၈၈၀ ခုနှစ်မှာ အပြီးဆောက်ခဲ့တာ ဖြစ်တယ်) နောက်ပြီး ဝါရှင်တန်ရဲ့ ဖေဖော်ဝါရီလအတွင်း ကျရောက်တဲ့ ဝါရှင်တန်မွေးနေ့ကိုလည်း အမျိုးသားရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ပါတယ်။




ဤကျောက်တိုင်သည် ထိုအချိန်က ကမ္ဘာပေါ်တွင် လူသားတို့ ဆောက်လုပ်ခဲ့သမျှ အဆောက်အအုံထဲတွင် အမြင့်ဆုံး ဖြစ်ခဲ့သည်

## ရပ်ရှ်မိုးတောင်




တောင်ဒါကိုတာပြည်နယ်ရှိ ရပ်ရှ်မိုးတောင်ခါးပန်းတွင် ထုလုပ်ထားသော အမေရိကန်သမ္မတများရဲ့ မျက်နှာပုံများမှာ 'ဂတ်ဇွန်ဘော့လမ်'ရဲ့ လက်ရာများဖြစ်ပြီး ၁၄ နှစ်ကြာ ထုလုပ်ခဲ့တာ ဖြစ်တယ်။

ဂျော့ချ်ဝါရှင်တန်ဟာ အလွန် ကျော်ကြားတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့ အတွက် သူဟာ အထိမ်းအမှတ်တစ်ခုထက် သက်ရှိလူသားတစ်ဦးလိုပဲ ဖြစ်နေခဲ့ပါတယ်။ သူ့မျက်နှာကို ဒေါ်လာငွေစက္ကူပေါ်မှာလည်း တွေ့မြင်နိုင်တယ်။




ဒါပေမဲ့ သူဟာ အခြားသူများလို လူသားတစ်ဦးပါပဲ။ သူဟာ တိုင်းပြည်ရဲ့ အရေးပါလှတဲ့ နေ့ရက်တွေမှာ နေခဲ့သူဖြစ်ပြီး တိုင်းပြည်အတွက် အခြားသူများ မလုပ်နိုင်တဲ့ မှတ်တမ်းတွေ ထားရှိခဲ့သူ ဖြစ်တယ်။ သူ့အတွက် အကောင်းဆုံး ဂုဏ်ပြုချီးကျူးစကားကတော့ လွတ်လပ်ရေး ကြေညာစာတမ်း လက်မှတ်ရေးထိုးရာမှာ ပါဝင်ခဲ့တဲ့ ဟယ်ရီလီးရဲ့ မှတ်ချက်ပါပဲ။

"ဝါရှင်တန်နဲ့ ပတ်သက်လို့ အမှတ်ရစရာကတော့ စစ်ပွဲတွေမှာ ထိပ်ဆုံး၊ ငြိမ်းချမ်းရေးတွေမှာလည်း ထိပ်ဆုံးနဲ့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ နှလုံးသားထဲမှာလည်း ထိပ်ဆုံးက နေရာယူထားသူပါပဲ"။

# ဂျော့ချ်ဝါရှင်တန် ၏ ဘဝဖြစ်စဉ်

၁၇၃၂ – ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် မွေးဖွား။

၁၇၄၆ – မောင့်ဗာနွန်စံအိမ်ကြီးသို့ ပြောင်းရွှေ့။

၁၇၅၂ – ဂျော့ချ်၏အစ်ကို လောရင့်စ် သေဆုံး။

၁၇၅၄ – ပြင်သစ်၊ အင်ဒီးယန်းတို့နှင့် စစ်ပွဲတွင် ဒုတိယဗိုလ်မှူးကြီးတာဝန် ထမ်းဆောင်။

၁၇၅၉ – မာသာဒင်းဒရစ်ကပ်တစ်စ်နှင့် ဇန်နဝါရီလ ၆ ရက်တွင် လက်ထပ်။

၁၇၇၃ – မာသာ၏သမီး ပက်ဆီ အသက် ၁၇ နှစ်အရွယ်တွင် သေဆုံး။

၁၇၇၅ – အမေရိကန်တော်လှန်ရေး စတင်။ ဂျော့ချ်သည် အမေရိကန် တပ်၏ တပ်မှူး ဖြစ်လာ။ အမေရိကတိုက်လုံးဆိုင်ရာ ကွန် ဂရက် ကျင်းပ။

၁၇၇၇ – ပင်ဆယ်လ်ဗေးနီးယားပြည်နယ်၊ ဖို့ချ်တောင်ကြားတွင် ဆောင်း ရာသီ ခိုရ။

၁၇၈၁ – မာသာ၏သား ဂျက်ကီ အသက် ၂၆ နှစ်တွင် သေဆုံး။

၁၇၈၃ – အမေရိကန်တော်လှန်ရေး ပြီးဆုံး။

၁၇၈၇ – ဖီလာဒယ်လ်ဖီးယားပြည်တွင် ကျင်းပသော အမေရိကန်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေး ညီလာခံသို့ ဂျော့ချ် တက် ရောက်ခဲ့။

၁၇၈၉ – ဂျော့ချ်ဝါရှင်တန် အမေရိကန်၏ ပထမဆုံးသမ္မတ ဖြစ်လာ။

၁၇၉၂ – ဒုတိယအကြိမ်သမ္မတအဖြစ် ရွေးချယ်ခံရ။

၁၇၉၇ – သမ္မတအဖြစ်မှ အနားယူ၍ မောင့်ဗာနွန်သို့ ပြန်သွားခဲ့။

၁၇၉၉ – ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် မောင့်ဗာနွန်၌ ကွယ်လွန်။ ကွယ် လွန်ချိန်တွင် ဂျော့ချ်ဝါရှင်တန် အသက် ၆၇ နှစ် ရှိပြီဖြစ်။

၁၈၀၂ – မာသာဝါရှင်တန် မေလ ၂၂ ရက်တွင် မောင့်ဗာနွန်၌ ကွယ်လွန်။ ကွယ်လွန်ချိန်တွင် အသက် ၇၁ နှစ်အရွယ် ဖြစ်။

# ကမ္ဘာ့ဖြစ်စဉ်

၁၇၅၂ – ဘင်ဂျမင်ဖရင်ကလင်သည် လျှပ်စစ်၏ မီးလင်းနိုင်သော သဘာဝကို ဖော်ထုတ်တွေ့ခဲ့ပြီး လျှပ်စစ်မီးချောင်းကို တီထွင်။
၁၇၅၄ – ပြင်သစ်၊ အင်ဒီးယန်းတို့နှင့် စစ်ဖြစ်။
၁၇၆၀ – ဂျော့ချ်ဘုရင် ၃ အင်္ဂလန်တွင် နန်းတက်။
၁၇၆၅ – အင်္ဂလန်ပါလီမန်မှ တံဆိပ်ခေါင်းဥပဒေကို ပြဋ္ဌာန်း။
၁၇၆၆ – လန်ဒန်မြို့တွင် လမ်းဘေး လူသွားစင်္ကြံများ စတင်ဖောက်လုပ်။
၁၇၇၃ – ဘော်စတွန်တီးပါတီ လှုပ်ရှားမှု ဖြစ်ပွား။
၁၇၇၄ – လူဝီ ၁၆ ပြင်သစ်ဘုရင်အဖြစ် နန်းတက်။
၁၇၇၅ – အမေရိကန်တော်လှန်ရေး စတင်။
၁၇၇၆ – ဆန်ဖရန်စစ္စကိုမြို့ စတင်တည်ထောင်။
၁၇၇၈ – ဗြိတိန်နှင့် စစ်ပွဲတွင် အမေရိကန်မှ ကူညီရန် ပြင်သစ် ဆုံးဖြတ်။
၁၇၈၁ – ယော့တောင်းမြို့တွင် ဝါရှင်တန်တပ်များ အောင်ပွဲခံခဲ့ခြင်းက အမေရိကန်တော်လှန်ရေးကို အောင်မြင်ပြီးဆုံးစေခဲ့။
၁၇၈၃ – ပထမဆုံးလေထီး အသုံးပြုပုံကို စတင်မိတ်ဆက်ခဲ့။
၁၇၈၉ – ပြင်သစ်တော်လှန်ရေး စတင်။ စလျှင်စချင်းမှာပင် ပြင်သစ်မင်းမျိုးမင်းနွယ် အများအပြား အသတ်ခံခဲ့ကြရ။
၁၇၉၂ – အမေရိကန်သမ္မတများအတွက် အိမ်ဖြူတော်ကို စတင် ဆောက်လုပ်။
၁၇၉၃ – ပြင်သစ်ဘုရင် လူဝီ ၁၆ နှင့် မိဖုရားမာရီအင်တွိုင်းနက်တို့ ခေါင်းဖြတ် အသတ်ခံရ။
၁၇၉၇ – ဂျွန်အဒမ် အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံရ။ သောမတ်စ်ဂျက်ဖာဆင်က ဒုတိယသမ္မတအဖြစ် ရွေးချယ်ခံရ။